# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်နေ့၊ ၂၀၁၀ ခုနှစ်၊ ဇူလိုင် ၂၆ရက်၊ တနင်္လာနေ့၊ အတွဲ(၄၉)၊ အမှတ်(၂၉၄)


## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မော်လ်ဒိုက်ဗ်နိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၆

၂၀၁၀ ခုနှစ် ဇူလိုင်၂၆ရက်တွင် ကျရောက်သော မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ၏ (၄၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထံမှ မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ သမ္မတ မစ္စတာမိုဟာမက် နာရှစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် နေပြည်တော်မှထွက်ခွာ

နေပြည်တော် ဇူလိုင် ၂၅

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့သည် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ်ပါရာတီဘာ ဒေဗီဆင်းပတေးလ်၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ယနေ့ နံနက် ၉နာရီ ၁၅မိနစ်တွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ထွက်ခွာသွားကြသည်။

**ပို့ဆောင်နှုတ်ဆက်**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်ဝန်ကြီးချုပ်ဦးသိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဇနီး ဒေါ်ကြည်ကြည်အုန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဉာဏ်ထွန်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဦးမောင်ဦး၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဦးသိန်းဆွေ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံး ခေတ္တသံရုံးယာယီတာဝန်ခံတို့က နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❍



**နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်**

အိန္ဒိယ သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ထွက်ခွာသွားသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့က နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဇူလိုင် ၂၆ ရက်)

# ထူးမြတ်လှသည့် လဝါဆို ကုသိုလ်ဘာဝနာကျင့်ကြံပွားများ

ယနေ့သည် ၁၃၇၂ခုနှစ် ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)ဖြစ်ပြီး ဗုဒ္ဓဘာသာဝင်သူတော်စင်များ အလေးထားသော နေ့ထူးနေ့မြတ်ဖြစ်သည်။

ဝါဆိုလပြည့်နေ့သည် မြန်မာ့ဆယ့်နှစ်လရာသီတွင် စတုတ္ထမြောက်လဖြစ်ပြီး ရာသီကာလသည် မိုးဥတုဖြစ်သည်။

"သန္ဓေတောထွက် ဓမ္မစက်ဟောမြွက်သုံးချိုလဝါဆို" ဟူသောစကားအရ ဝါဆိုလပြည့်နေ့သည် ဘုရားလောင်းသန္ဓေတည်သောနေ့၊ တောထွက်သောနေ့၊ ဘုရားရှင်ဓမ္မစကြာတရားဦး ဟောကြားတော်မူသောနေ့ ဖြစ်သည်။

ဝါဆိုလပြည့် (ကြာသပတေးနေ့)တွင် မယ်တော်မာယာ၏ ဝမ်းကြာတိုက်၌ပဋိသန္ဓေတည်ခြင်း၊ သက်တော် ၂၉နှစ်အရွယ် ရောက်လတ်သောအခါ ဝါဆိုလပြည့် (တနင်္ဂနွေနေ့)တွင် တောထွက်တော်မူခြင်းပြုခဲ့ပြီး ဒုက္ကရစရိယာ ခြောက်နှစ်ကြာမျှကျင့်၍ သဗ္ဗညုတဉာဏ်တော်ကိုရယူပြီးနောက် မိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂီတို့အား အမှူးထားပြီး ဓမ္မစကြာဒေသနာတရားတော်ကို ဟောကြားတော်မူခဲ့သည်။

ဗုဒ္ဓဘာသာဝင် မြန်မာတို့သည် ဝါဆိုလရောက်တိုင်း ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ ဝါဆိုပန်းကပ်လှူပွဲများကို ရှေးရိုးရာ အစဉ်အလာ အတိုင်း အစဉ်အလာမပျက် ကျင်းပကြသည်။

ဝါဆိုလပြည့်ကျော် ၁ရက်နေ့ ရောက်ရှိသည်နှင့် ရဟန်းတော်အရှင်မြတ်တို့သည် ရောက်ရာအရပ်၌ ဝါဆိုကြရသည်။ ယခင်ရဟန်းတော်တို့သည် ဝါဆိုကာလစိုက်ပျိုးချိန် ခရီးသွားလာခြင်းဖြင့် လယ်ကန်သင်း၊ လယ်ကွင်းများဖြတ်သန်းရ၍ ပျိုးခင်းများပျက်စီးသဖြင့် ဘုရားရှင်က သိရှိတော်မူပြီး လူသတ္တဝါများ အကျိုးစီးပွားမဆုံးရှုံးစေရန် ဝါတွင်းကာလ သုံးလပတ်လုံး ကျောင်းသင်္ခမ်းတွင်သာ သီတင်းသုံးရမည်ဟု ပညတ်တော်မူခဲ့ခြင်း ဖြစ်သည်။

ယနေ့ဝါဆိုလပြည့်နေ့တွင် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးတို့သည် သီလဆောက်တည်ခြင်း၊ ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ ဆီမီးများပူဇော်ခြင်း တို့ဖြင့် ကုသိုလ်ကောင်းမှုများပြုကြပြီး တည်ငြိမ်အေးချမ်းစွာ မေတ္တာဘာဝနာများ ကျင့်ကြံပွားများ အားထုတ်သွားကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(အင်္ဂါနေ့-နံနက်+နေ့လယ်+ည)

၂၇-၇-၂၀၁၀

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက်
၇း၀၅ နိုင်ငံတော်သီချင်း+ကြေညာချက်
တရားတော် **(ရတနသုတ်)**
ဓမ္မပူဇာတေး
၇း၃၀ (၃၈)ဖြာမင်္ဂလာ
နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်း
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၃၀ ပြောပါရစေရှင်
(မန်ကျည်းစေ့ကလေးများ)
၈း၄၀ တေးပဒေသာ
၁၀း၀၀ မွေးနေ့လက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ တေးပဒေသာ
၁၀း၄၅ ခံတွင်းမြိန်စရာသုံ့လက်ရာ
(ခရမ်းချဉ်သီးပန်ထွေဖျော်နဲ့ ငါးပိကောင်ကြော်)
တေးသီချင်း
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၂၅ Talk on Line (ခင်ဘုဏ်း)
၁၁း၅၀ တေးပဒေသာ
၁၂း၀၀ စံတော်ချိန်
Current Song
၁၂း၄၀ တေးပဒေသာ
ပြုံးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ ပညာရေးအစီအစဉ်
(ပဉ္စမတန်း-ပထဝီဝင်)
တေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက်
ညနေခင်းတေးပဒေသာ
၁၆း၃၀ သောတရှင်လိုရာတေး
၁၇း၀၀ မေတို့တွက်တာ အလှကမ္ဘာ
(ဝသန်ချိန်ခါ သတိပြုရမည့်အချက်များ)
၁၇း၁၀ တေးပဒေသာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ ညနေခင်းတေးပဒေသာ
၁၇း၄၅ ထူးဆန်းထွေလာ ဤမြေကမ္ဘာ
အမှတ်စဉ်(၅၀)
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ ညနေခင်းတေးပဒေသာ
၁၈း၃၀ စာအုပ်စာပေ လူ့မိတ်ဆွေ
ငြိမ်းချမ်းသူတို့
(အရှင်ဝိမလာဘိဝံသ-မဟာမြိုင်)
၁၈း၄၅ ချိုချစ်ဖွယ်
အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၁၀ ဇာတ်လမ်းပမာနားဆင်စရာ
**သံလွင်သက်သေ**
၁၉း၃၀ တေးပဒေသာ
နိုင်ငံရေးဦးတည်ချက်
ညချမ်းချိန်ခါတေးပဒေသာ
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၂၀ တေးစီးရီး
(ဆယ်စုနှစ် ရာစုနှစ်-အင်းရှည့်)
စီးပွားရေးဦးတည်ချက်
၂၁း၀၀ ခံစားနားဆင် မြန်မာတေးသံစဉ်
လူမှုရေးဦးတည်ချက်
ညချမ်းချိန်ခါတေးပဒေသာ
၂၂း၂၀ အစီအစဉ်ပြီး၏။



## တိုင်းမှူး ဗိုလ်ချုပ်ရာပြည့် တံခွန်စိုက်ဒိုင်း ဘောလုံးပိုလ်လုပွဲ တက်ရောက်ဆုချီးမြှင့်

နေပြည်တော် ဇူလိုင် ၂၅

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်သည် ဇူလိုင် ၁၂ရက် နံနက်ပိုင်းက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် အင်းလေးကန်ဝန်းကျင်ရေရှည်တည်တံ့ရေး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြခန်းအတွင်း ပြသထားသည့် အင်းလေးကန် ရေရှည်တည်တံ့ရေးဆိုင်ရာ ဆောင်ရွက်မှု ပိုစတာ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံမှတ်တမ်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းမှူးသည် တာဝန်ရှိသူများနှင့်အတူ ပြည်နယ်အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရှမ်းပြည်နယ် ရဲတပ်ဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့တက်ရောက်၍ အမှာစကား ပြောကြားသည်။

### ပေးအပ်ချီးမြှင့်

ဆက်လက်၍ တိုင်းမှူးသည် တိုင်းမှူး တံခွန်စိုက်ဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်ပြီး ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကာ ပထမဆုရအသင်းအား တံခွန်စိုက်ဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။**(အပေါ်ပုံ)**

**(သတင်းစဉ်)**

## ဝန်ကြီး ဦးအောင်သောင်းအား တရုတ်နိုင်ငံ ဧည့်သည်အဖွဲ့လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၅

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Tianjin Machinery Import & Export Corporation ဥက္ကဋ္ဌ Mr.Sunjianrong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၂၁ရက် ညနေ ၃နာရီခွဲက နေပြည်တော်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံ၍ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း တန် ၆၀ CTMP (သာပေါင်း) သတင်းစာစက္ကူစီမံကိန်း တည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်ရေးနှင့် စက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## စာကြည့်တိုက် အဆောက်အအုံသစ် ကန်ကြီးထောင့်မြို့၌ ပန္နက်တင်

**ကန်ကြီးထောင့် ဇူလိုင် ၂၅**

ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် သဘော့ငူကျေးရွာအုပ်စု ကွင်းလယ်စု ကျေးရွာ ပန်းခင်းလမ်း စာကြည့်တိုက် အဆောက်အအုံသစ်ပန္နက်တင်ပွဲနှင့် အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၂၁ရက် နံနက် ၉ နာရီက ကျေးရွာစာကြည့်တိုက်မြေနေရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပရာ စာကြည့်တိုက် အဆောက်အအုံကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညဏ်လှိုင်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းဝင်း၊ မြို့နယ်ဦးစီးမှူးဒေါ်ဇင်မာဦး၊ မြေအလှူရှင် ဒေါ်အုံးနုနှင့် ကျေးရွာဥက္ကဋ္ဌ ဦးလှရှိန်တို့က ပန္နက်တင်ပေးကြသည်။ **(အပေါ်ပုံ)**

### ပေးအပ်လှူဒါန်း

ဆက်လက်၍ ငွေကျပ်ငါးသိန်းတန်ဖိုးရှိ ပေ ၆၀ x ပေ၄၀ မြေကွက်လှူဒါန်းသည့်စာချုပ်ကို အလှူရှင် ဒေါ်အုံးနုက လည်းကောင်း၊ ဦးဇော်ထွန်းဦး၊ ဦးထွန်းလှရှိန်၊ ဦးဇော်နိုင်ဦး၊ ဦးမန်းကျော်ရှိန်တို့က ငွေကျပ်တစ်သိန်းစီကို လည်းကောင်း ပေးအပ်လှူဒါန်းရာ မြို့နယ် ဥက္ကဋ္ဌနှင့် မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာဦးတို့က လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**



## ရေမြောင်းဆယ်

မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက်လမ်းဘေးဝဲယာရှိ ရေမြောင်းဆယ်နေမှုကို ဇူလိုင် ၁၀ရက်က ဒုတိယဦးစီးမှူး(သန့်) ဦးဘရန်ဆိုင်းက ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

○ ရှေ့ဖုံးမှ

## လိုက်ပါသွား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့နှင့်အတူ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ဇနီး၊ စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်နှင့်ဇနီး၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသိန်း၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဦးသိန်းဇော်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဦးကျော်ဆန်း၊ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးသူရဦးမြင့်မောင်၊ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးဗိုလ်ချုပ်သန်းအောင်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

# မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် ကုမ္ပဏီ(၆)ခုတို့၏

# စာချုပ်ချုပ်ဆိုပွဲ ဝန်ကြီး ဦးခင်မောင်မြင့် တက်ရောက်အားပေး

နေပြည်တော် ဇူလိုင် ၂၅

**အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဇူလိုင် ၂၄ ရက် ည ၇ နာရီက နေပြည်တော်ရှိ ဝန်ကြီးရုံးခန်းမဆောင်၌ ကျင်းပသော မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် ကုမ္ပဏီ(၆)ခုဖြစ်သော United National Oil & Gas Pte., Ltd. (UNOG)၊ Central China Power Grid International Economic & Trade Co., Ltd. (CCPG)၊ Bawa Trading Pte., Ltd. and Barons Machinery Engineering Pte., Ltd. (BME)၊ Gunkul Engineering Public Co., Ltd.၊ International Integrated Business Co., Ltd. တို့အကြား ချုပ်ဆိုသည့် စာချုပ်ချုပ်ဆိုပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။**

### တက်ရောက်

အဆိုပါ စာချုပ်ချုပ်ဆိုပွဲ အခမ်းအနားသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်း၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ကုမ္ပဏီ(၆)ခုတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဝန်ကြီး ဦးခင်မောင်မြင့်က အမှာစကားပြောကြားပြီး ကုမ္ပဏီများကိုယ်စား International Integrated Business Co., Ltd. အုပ်ချုပ်မှု ဒါရိုက်တာ ဦးဇော်ဦးဟန်က ကျေးဇူးတင်စကား ပြောကြားသည်။

### လက်မှတ်ရေးထိုး

ယင်းနောက် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်သန်းဦးနှင့် ကုမ္ပဏီ(၆)ခုတို့မှ အုပ်ချုပ်မှုဒါရိုက်တာများက ချောင်းကူးဓာတ်အားခွဲရုံ၊ မြောက်ပြင်ဓာတ်အားခွဲရုံနှင့် ဗန်းမော်ဓာတ်အားခွဲရုံတို့၏ လိုအပ်သော ပစ္စည်းများ ဝယ်ယူရန်အတွက် သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲ၌ ရှိုင်းဆောက်လုပ်ရေးကုမ္ပဏီပါဝင်ပြသ

**ရန်ကုန် ဇူလိုင် ၂၅**

Shine Group of Companies (ရှိုင်းဆောက်လုပ်ရေး၊ အိမ်တွင်းအလှဆင်လုပ်ငန်း၊ Hyundai ဓာတ်လှေကားနှင့် ကောင်းမြတ်ဇော် အင်တာနေရှင်နယ် ကုမ္ပဏီ အိမ်ဆောက်ပစ္စည်း)သည် ယနေ့ ဇူလိုင် ၂၅ရက်တွင် ဒုတိယနေ့အဖြစ် ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ ခင်းကျင်းပြသလျက်ရှိသော အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲ (၂၀၁၀) တွင် ပါဝင်ပြသလျက်ရှိသည်။

### ဖြန့်ချိ

Shine Group of Companies သည် တိုက်ခန်းများကို အရစ်ကျ တစ်လ ခြောက်သိန်း၊ ကွန်ဒို အခန်းများ အရစ်ကျ တစ်လ သိန်း ၂၀စီ ပေးသွင်းသည့် စနစ်ဖြင့် ဝယ်သူ စိတ်တိုင်းကျ ဆောင်ရွက်ရောင်းချနေကြောင်း၊ မြို့လယ်ကောင် Show Room၊ ဘဏ်လုပ်ငန်းဖွင့်လိုသူများအတွက် ကားပါကင် ကျယ်ကျယ်ဖြင့် မဟာဗန္ဓုလ ပန်းခြံလမ်း၊ ဆူးလေဘုရားလမ်း တစ်ဝိုက်တွင် ဆောင်ရွက်ပေးနိုင်ကြောင်း၊ ၄င်းအပြင် မြေပိုင်ရှင်များအတွက် ရောင်းချခြင်း၊ အကျိုးတူဆောင်ရွက်ခြင်းများ၊ မြို့လယ်ရှိ အန္တရာယ်ရှိ အဆောက်အအုံနေအိမ်ရှင်များအတွက် ပိုင်ဆိုင်မှုနှင့် ပတ်သက်ပြီး ချမှတ်ထားသော စည်းမျဉ်းများအတိုင်း နစ်နာမှုမရှိစေဘဲ အိမ်သစ်ဆောက်လုပ်ပေးခြင်း၊ ထို့အပြင် အရည်အသွေးမြင့် Hyundai (Korea) အမှတ်တံဆိပ် ဓာတ်လှေကားကိုလည်း တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ဖြန့်ချိနေသည်။

### စုံစမ်းနိုင်

ဆက်သွယ်ရန် ပြပွဲ နောက်ဆုံးနေ့ ဇူလိုင် ၂၇ ရက်အထိအပြင် အမှတ် (၂၉) မြေညီထပ် ဂိုဒေါင်လမ်း ဂိုဒေါင်ကွန်ဒို မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

**ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ခင်းကျင်းပြသလျက်ရှိသော အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲ(၂၀၁၀)တွင် ပြသထားသော Shine Group of Companies ၏ ပြခန်းကို တွေ့ရစဉ်။** (သတင်းစဉ်)






# စည်ပင်ညွှန်မှူး ပျိုးဥယျာဉ်စစ်ဆေး

**နမ့်ဆန် ဇူလိုင် ၂၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းဆွေတို့သည် ဇွန် ၂၅ရက်က နမ့်ဆန်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်းများနှင့် ပျိုးဥယျာဉ်တို့ကို စစ်ဆေးကြည့်ရှုခဲ့ရာ မြို့နယ်အမှုဆောင်အရာရှိ ဦးစိုင်းဝင်းမြင့်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီး ပြည်နယ်ညွှန်ကြားရေးမှူးက လိုအပ်သည်ကို မှာကြားခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

## အနီးကပ်ကြီးကြပ်

**အင်္ဂပူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပြသာယာလှပရေးအတွက် မြို့ဝင်ငဝန်ဇရာလမ်းမကြီးတစ်လျှောက် လမ်းဘေးဝဲယာချုံနွယ်များ ရှင်းလင်းခြင်း၊ ပန်းအလှပင်များ စိုက်ပျိုးခြင်းလုပ်ငန်းများကို ဇူလိုင် ၁၄ရက်က အမှုဆောင်အရာရှိဦးခင်မောင်ဦး အနီးကပ်ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

# အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန် ဂျပန်နိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဇူလိုင် ၂၅**

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူး(၁) ဦးနှင်းဦးသည် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ Association of Overseas Technical Scholarship (AOTS)Centre ၌ ရက်သတ္တနှစ်ပတ်ကြာ ကျင်းပမည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့တက်ရောက်ရန် ဇူလိုင်၂၄ က လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်နှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင် နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ယခုအပတ်ထုတ် မြန်မာပို့စ်ဂျာနယ်ဖြန့်ချိ

**ရန်ကုန် ဇူလိုင် ၂၅**

မြန်မာပို့စ်ဂျာနယ် အတွဲ(၂)၊ အမှတ် (၂၈)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက် မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာနိုင်ငံ တစ်ဝန်းလုံးသို့ ထုတ်ဝေဖြန့်ချိလိုက်သည်။

### လေ့လာမှတ်သားဖွယ်

မြန်မာပို့စ်ဂျာနယ်တွင် ဉာဏ်တော် ပေ ၆၀၀ရှိ ဝင်းစိန်တောရ လျောင်းတော်မူရုပ်ပွားတော် တည်ဆောက်မှုမှာ အံ့သြစရာ၊ တည် ထွက် စက် ပြာ၊ ဘိမ္ဗော၊ နွယ်တာလပြည့်၊ ဆုံသည့်နေ့၊ ဘင်္ဂလား ပင်လယ်အော်၏ အပျိုစင်မလေးသို့မဟုတ် ငွေဆောင်ကမ်းခြေသို့ မျက်နှာဖုံးသတင်း ဆောင်းပါး၊ (၆၃) နှစ်မြောက် အာဇာနည်နေ့ဦးအောင်ဆန်းဦးနှင့်ဇနီး ဒေါ်လဲ့လဲ့နွယ်သိန်း တက်ရောက်ဂါရဝပြု၊ အိုလံပစ်နေ့ အထိမ်းအမှတ် ကာယဗလနှင့် ကာယအလှပြိုင်ပွဲ ကျင်းပ၊ နေပြည်တော်၏ အထင်ကရနေရာများကို မျှော်စင်ပေါ်မှအပန်းဖြေကြည့်ရှုနိုင်၊ ရေပန်းဥယျာဉ်(တိုးချဲ့) အပန်းဖြေစခန်းထပ်မံဖွင့်လှစ် သတင်းဆောင်းပါးများနှင့် လူထုစိန်ဝင်း၊ မောင်စူးစမ်း၊ မောင်ဝံသ၊ နေဇင်လတ်၊ ဒေါက်တာ အောင်ကိုကို (စီးပွားရေးပညာ၊ စီးပွားရေးပေါ်လစီ) တို့၏ လေ့လာမှတ်သားဖွယ်ဆောင်းပါးများကို ဖော်ပြထားသည်။

### ဖော်ပြထား

ထို့အပြင် ၂၀၁၀ခုနှစ် ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ စာရွှေသန်း (အလုံ)၏ ၄၈၊ ၅၈၊ ၆၂၊ ၈၈နှင့် ၂၀၁၀မှတ်တိုင်များ၊ မောင်မောင်စိုး၏ စည်းရုံးလှုပ်ရှား နိုင်ငံရေးပါတီများ (ပြည်ထောင်စု ဒီမိုကရေစီပါတီ) ဆောင်းပါးတို့ကို ဖော်ပြထားသည်။

### စိတ်ဝင်စားဖွယ်

ရန်ကုန်-နေပြည်တော် မြန်နှုန်းမြင့်ရထားလမ်း ၂၀၁၃အမီ အပြီးဖောက်လုပ်မည်၊ ဘင်္ဂလားပင်လယ်အော်ဒေသဖွံ့ဖြိုးတိုးတက်မှုဆွေးနွေးပွဲ မြန်မာနိုင်ငံပါဝင်ဆွေးနွေး၊ ဗန်ကောက်-ရန်ကုန် Border Trade လမ်းကြောင်းမှ အထည်ကုန်ကြမ်းများ တင်ပို့နိုင်ပြီ၊ ဖားကန့်မြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုဖြစ်ပွား၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် ရထားလမ်းဖောက်လုပ်ရေး၌ တရုတ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့ကူညီ ဆောင်ရွက်မည်၊ ဘင်္ဂလားဒေ့ရှ်မှ ရခိုင်သို့ အာလူးပိသာချိန် ၉၂၀၀ကျော် ပထမအကြိမ် တင်ပို့၊ ရော်ဘာနှင့် လိမ္မော်သီးများ ထိုင်းနိုင်ငံသို့ စမ်းသပ်တင်ပို့၊ ၂၀၁၀မှစတင်၍ မြန်မာကျောင်းသားများ ITE မှ လက်မခံတော့ဟုဆို စသည့် စိတ်ဝင်စားဖွယ်ရာသတင်းများပါရှိသည်။

**(သတင်းစဉ်)**

# အသည်းရောင်အသားဝါ(ဘီ)ပိုးနှင့် (စီ)ပိုး ကာကွယ်ရေးနှိုးဆော်ချက်

အသည်းရောင်အသားဝါရောဂါဖြစ်စေသော ရောဂါပိုးများတွင် အသည်းရောင်အသားဝါ(ဘီ)ပိုးနှင့် (စီ)ပိုးများလည်း ပါဝင်သည်။ (ဘီ)နှင့် (စီ)ဗိုင်းရပ်(စ်) ပိုးများသည် တစ်ဦးနှင့်တစ်ဦးသွေးနှင့် ကိုယ်တွင်းအရည်များမှတစ်ဆင့် ကူးစက်နိုင်သည်။ အသည်းရောင် အသားဝါဖြစ်ရာမှ အသည်းခြောက်ခြင်း၊ အသည်းကင်ဆာဖြစ်ခြင်းကြောင့် သေဆုံးသည်အထိ အန္တရာယ်ရှိသည်။

သို့ဖြစ်၍ အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့်(စီ)ပိုး ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်ရန်အတွက်-

(က) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုစိုက်ပါ။ သွားပွတ်တံစသည်တို့ကို သီးခြားအသုံးမပြုလျှင် ကူးစက်တတ်သည်ကို သတိပြုပါ။
(ခ) လိင်ဆက်ဆံရာမှ ကူးစက်တတ်သည်ကို သတိပြုပါ။
(ဂ) အပ်စိုက်၊ ဆေးထိုး ဆေးသွင်းရာမှ ကူးစက်တတ်သဖြင့် သန့်ရှင်းသော တစ်ခါသုံးအပ်များကိုသာ အသုံးပြုပါ။
(ဃ) သွေးမှတစ်ဆင့် ကူးစက်မှုကို ကာကွယ်ရန်အတွက် သန့်စင်သောသွေးရရှိရန် ဆောင်ရွက်ပါ။
(င) ရောဂါကာကွယ်ကုသရန်အတွက် နီးစပ်ရာကျန်းမာရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

သက်ရှိလောက
တည်မြဲဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့

## လေကြောင်းခရီးစဉ်များ တိုးချဲ့ပျံသန်းနိုင်ရန်
## အင်ဒိုနီးရှားက အဲဘတ်စ်လေယာဉ်သစ် ခြောက်စင်းဝယ်ယူမည်

ဂျကာတာ ဇူလိုင် ၂၅

အင်ဒိုနီးရှားနိုင်ငံပိုင် ပီတီဂါယူဒါ လေကြောင်းလိုင်းက အဲဘတ်စ်လေယာဉ် ခြောက်စင်းကို အမေရိကန်ဒေါ်လာ ၁ဒသမ ၁၅ဘီလီယံ အကုန်အကျခံကာ ဝယ်ယူမည်ဖြစ်ကြောင်း၊ လေကြောင်းခရီးစဉ်များ ပိုမိုပျံသန်းနိုင်ရေးအတွက် ဖြစ်ကြောင်း အင်ဒိုနီးရှား မီဒီယာများက ဇူလိုင် ၂၄ရက်က ဖော်ပြသည်။ ဝယ်ယူမည့် အဲဘတ်စ်လေယာဉ် အမျိုးအစားမှာ အေ ၃၃၀-၂၀၀ ဂျက်လေယာဉ်များဖြစ်ပြီး အက်စ်အေအက်စ် လေယာဉ်ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ ၎င်းလေယာဉ်များကို ၂၀၁၂ ခုနှစ်ကုန်တွင် လက်ခံရရှိနိုင်မည်ဟု မျှော်မှန်းထားသည်။

**ပျံသန်းနေ**

ပီတီဂါယူဒါ လေကြောင်းလိုင်းသည် လက်ရှိအခြေအနေတွင် အေ ၃၃၀-၂၀၀ လေယာဉ်လေးစင်းနှင့် အေ ၃၃၀-၃၀၀ လေယာဉ်ခြောက်စင်းဖြင့် ခရီးစဉ်များ ပျံသန်းပြေးဆွဲပေးနေသည်။

ယင်းလေယာဉ်သစ်များလက်ခံရရှိပါက အာရှ-ပစိဖိတ်ဒေသ၊ အရှေ့အလယ်ပိုင်းဒေသနှင့် ဥရောပခရီးစဉ်များကို တိုးချဲ့ပျံသန်းပေးသွားရန် စီစဉ်ထားသည်။

(အင်တာနက်)

## မက္ကဆီကိုပင်လယ်ကွေ့ရေပြင်မှ ရေနံများဖယ်ရှားရန်
## စူပါစကင်မာသင်္ဘောကြီးရောက်ရှိ



မက္ကဆီကိုစီးတီး ဇူလိုင် ၂၅

မက္ကဆီကိုပင်လယ်ကွေ့ရေပြင်တွင် ပျံ့နှံ့နေသောရေနံများကို ကူညီဖယ်ရှားရန်အတွက် ကမ္ဘာ့အကြီးဆုံး ရေနံဖယ်ရှားရှင်းလင်းရေးသင်္ဘောကြီး စူပါစကင်မာ (အပေါ်ပုံ) သည် မက္ကဆီကိုပင်လယ်ကွေ့သို့ ရောက်ရှိနေပြီဖြစ်ကြောင်း ဇူလိုင် ၂၃ရက်က သတင်းထုတ်ပြန်သည်။

**ဝိုင်းဝန်းကူညီ**

မက္ကဆီကိုရေပြင်တွင် ရေနံများပျံ့နှံ့နေသည်ကို ဘီပီကုမ္ပဏီက ရှင်းလင်းဖယ်ရှားနေမှုကို စူပါစကင်မာသင်္ဘောကြီးက ဝိုင်းဝန်းကူညီ ဖယ်ရှားရှင်းလင်းပေးမည်ဖြစ်သည်။

**ဖယ်ရှားပေးနိုင်**

စူပါစကင်မာသင်္ဘောကြီးသည် အရှည်ပေ ၁၁၀၀ ရှိပြီး ရေပြင်ပေါ်တွင် ပျံ့နှံ့နေသော ရေနံများအား တစ်နေ့လျှင် ရေနံစည်ပေါင်း ငါးသိန်းခန့် ဖယ်ရှားပေးနိုင်ကြောင်း သိရသည်။ (အင်တာနက်)

## သီရိလင်္ကာတွင် တုပ်ကွေးဖြစ်ပွားမှုများပြား

ကိုလံဘို ဇူလိုင် ၂၅

သီရိလင်္ကာနိုင်ငံတွင် တုပ်ကွေးရောဂါဖြစ်ပွားသူ များပြားလျက်ရှိရာ ယခုနှစ်အတွင်း နိုင်ငံတစ်ဝန်း၌ တုပ်ကွေးရောဂါကြောင့် သေဆုံးသူဦးရေမှာ ၁၅၈ဦး ရှိနေပြီဖြစ်ကြောင်း သီရိလင်္ကာနိုင်ငံ ကျန်းမာရေးဝန်ကြီး စီရီဆီနာက ဇူလိုင် ၂၄ရက်၌ ပြောကြားသည်။

**ဖြစ်ပွား**

သီရိလင်္ကာနိုင်ငံတစ်ဝန်းတွင် ယခုနှစ်အတွင်း တုပ်ကွေးရောဂါဖြစ်ပွားသူဦးရေမှာ ၂၁၀၀၀ခန့် ရှိနေကြောင်း၊ ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်နေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**



ဂျပန်နိုင်ငံမှ စက်ရုပ်ပညာရှင်များ တီထွင်ထုတ်လုပ်လိုက်သော အိမ်မှုကိစ္စများအား လူတစ်ဦးကဲ့သို့ ဆောင်ရွက်နိုင်သည့်စက်ရုပ်ကို တိုကျိုမြို့၌ ဇူလိုင် ၂၅ရက်က ဤသို့တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

## ယူကရိန်းနှင့် ပိုလန် ယူရို ၂၀၁၂ အတွက် ရထားလမ်းဖောက်မည်

ဝါဆော ဇူလိုင် ၂၅

ယူကရိန်း ရထားပို့ဆောင်ရေးဌာနအကြီးအကဲနှင့် ပိုလန်ရထားပို့ဆောင်ရေးဌာနအကြီးအကဲတို့ ဇူလိုင် ၂၄ရက်က ပိုလန်နိုင်ငံ ဝါဆောမြို့၌ တွေ့ဆုံပြီး ၂၀၁၂ ခုနှစ်တွင် ကျင်းပမည့် ယူရို ၂၀၁၂ဘောလုံးပွဲအတွက် ရထားလမ်းဖောက်လုပ်ရန် ဆွေးနွေးခဲ့ကြောင်း ပိုလန်ပို့ဆောင်ရေးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

**ဖောက်လုပ်**

အဆိုပါဆွေးနွေးပွဲတွင် ယူရို ၂၀၁၂ ဘောလုံးပွဲကျင်းပမည့် ယူကရိန်းနှင့် ပိုလန်မြို့ကြီးများအကြား ရထားလမ်းဖောက်လုပ်ရန်နှင့် နှစ်နိုင်ငံနယ်စပ်များကိုဖြတ်ပြီး အဓိကလမ်းမကြီးနှစ်လမ်းကို ဖောက်လုပ်ရန် စီစဉ်ထားကြောင်း ၎င်းက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

## ဂျာမနီ တေးဂီတပွဲ၌ ပွဲလန့်ပြီးပြေးရာမှ ၁၉ဦးသေဆုံး ၃၀၀ကျော် ဒဏ်ရာရ

ဘာလင် ဇူလိုင် ၂၅

ဂျာမနီနိုင်ငံအနောက်ပိုင်း ဒူစ်ဘတ်မြို့တွင် ဇူလိုင် ၂၄ရက်က တေးဂီတဖျော်ဖြေပွဲတစ်ခု၌ပရိသတ်များပွဲလန့်ပြီး အလန့်တကြားတိုးဝှေ့ပြေးထွက်မှုကြောင့် ၁၉ဦးသေဆုံးကာ ၃၀၀ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ဂျာမနီရဲတပ်ဖွဲ့က ပြောကြားသည်။**(အောက်ပုံ)**

**သေဆုံးဒဏ်ရာရ**

လူငယ်ပရိသတ်ထောင်ပေါင်းများစွာတို့ အားပေးကြည့်ရှုနေစဉ် ရုတ်တရက် အလန့်တကြား တိုးဝှေ့ပြုလဲမှုကြောင့် ပရိသတ်အချင်းချင်းနင်းမိကာ သေဆုံးဒဏ်ရာရရှိမှုတို့ ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

**စုံစမ်းနေဆဲ**

အချို့လူများမှာ အကာအရံများပေါ် တွယ်တက်ရာမှ ပြုတ်ကျခဲ့ခြင်းဖြစ်ပြီး အခင်းဖြစ်ပွားမှုကို ရဲတပ်ဖွဲ့က စုံစမ်းနေဆဲဖြစ်ကြောင်းသိရသည်။ **(အင်တာနက်)**



## ၃၅ ဒီဂရီဆဲလ်စီးရပ် ရုရှားနိုင်ငံအတွက် အမြင့်ဆုံးအပူချိန်ဟုဆို

*မော်စကို ဇူလိုင် ၂၅*

*ရုရှားနိုင်ငံ မော်စကိုမြို့တွင် ဇူလိုင် ၂၂ ရက်က နှစ် ၃၀နီးပါးအတွင်း အပူပြင်းဆုံးဖြစ်ခဲ့ကြောင်းနှင့် အပူလှိုင်းများ ကျရောက်သည့်အတွက် စိုက်ပျိုးဧရိယာများရှိ ကောက်ပဲသီးနှံများပျက်စီးခဲ့ကြောင်း ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လေ့လာရေးအဖွဲ့က ပြောကြားသည်။*

*ဇူလိုင် ၂၂ ရက်က မော်စကိုမြို့တွင် ဖြစ်ပေါ်ခဲ့သော အပူချိန်သည် ၃၅ ဒီဂရီဆဲလ်စီးရပ်ရှိပြီး ၎င်းအပူချိန်သည် ၁၉၈၁ခုနှစ်မှစတင်ကာ ဇူလိုင် ၂၂ ရက်အထိ အပူချိန်အမြင့်ဆုံးဖြစ်သည်ဟုဆိုသည်။*

*တိုးမြင့်လာနိုင်*

*အပူလှိုင်းများ ကျရောက်ခြင်းသည် ကမ္ဘာကြီးပူနွေးလာမှုနှင့် ဆက်စပ်လျက်ရှိကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့က သုံးသပ်ပြောကြားသော်လည်း ရုရှားအမျိုးသားရာသီဥတုဗဟိုဌာနကမူ ယင်းသို့ကောက်ချက်ချရန် စောလွန်းနေသေးကြောင်း ပြောကြားခဲ့သည်။ ရုရှားနိုင်ငံတွင် ၁၉၃၆ခုနှစ်၌ အပူချိန် ၃၆ ဒသမ ၆ဒီဂရီဆဲလ်စီးရပ်အထိ ဖြစ်ပေါ်ခဲ့ဖူးကြောင်း၊ ယခုတစ်ပတ်အတွင်း အပူချိန်သည် ၄၀ဒီဂရီ ဆဲလ်စီးရပ်အထိ တိုးမြင့်လာနိုင်ကြောင်း ရုရှားရုပ်မြင်သံကြားက ကြေညာသည်။ အမ်အင်န်အေ၊ဆင်ဟွာ*



## နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည်-စုစည်းသည်

### အီဂျစ်သမ္မတ အာဖရိကထိပ်သီးအစည်းအဝေးမတက်နိုင်

*အီဂျစ်သမ္မတ မူဘာရက်သည် မကြာမီကျင်းပမည့် အာဖရိကသမဂ္ဂထိပ်သီး အစည်းအဝေးသို့ ကျန်းမာရေးအခြေအနေကြောင့် တက်ရောက်မည်မဟုတ်ကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာနက ဇူလိုင် ၂၅ရက်၌ သတင်းထုတ်ပြန်သည်။*

### အီရန်၌ ဓာတုစက်ရုံပေါက်ကွဲ

*အီရန်နိုင်ငံ ခရက်ခ်ကျွန်းပေါ်တွင် တည်ဆောက်ထားသော ဓာတုစက်ရုံတစ်ရုံ ဇူလိုင် ၂၅ရက် နံနက်က ပေါက်ကွဲမှုဖြစ်ပွားရာ အလုပ်သမားလေးဦး သေဆုံးခဲ့ကြောင်း အီရန်အရာရှိများက ပြောကြားသည်။*

### အင်ဒိုနီးရှား၌ မြေပြို

*အင်ဒိုနီးရှားနိုင်ငံ မာလူကူပြည်နယ်အရှေ့ပိုင်း ပူလူဘူရူမြို့အနီးတွင် ဇူလိုင် ၂၅ရက် နံနက်က မြေပြိုမှုဖြစ်ပွားရာ နေအိမ်အချို့ပျက်စီးခဲ့ပြီး ဒေသခံ ၁၈ဦး သေဆုံးခဲ့ကြောင်း အင်ဒိုနီးရှားရဲတပ်ဖွဲ့က ပြောကြားသည်။*

### ဂျပန်နိုင်ငံအလယ်ပိုင်း၌ လေယာဉ်ပျက်ကျ

*ဂျပန်နိုင်ငံ ဆာရီတာမာစီရင်စုတွင် လေယာဉ်ငယ်တစ်စင်း ဇူလိုင် ၂၅ရက်က ပျက်ကျခဲ့ရာ ကံကောင်းထောက်မစွာဖြင့် လေယာဉ်ပေါ်လိုက်ပါလာသူ ကိုးဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း ဂျပန်အရာရှိများက ပြောကြားသည်။*

### ဗီယက်နမ်၌ ရေလွှမ်းပြီး မြေပြို

*ဗီယက်နမ်နိုင်ငံမြောက်ပိုင်း ဟာဂန်ပြည်နယ်တွင် ဇူလိုင် ၂၅ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမှုနှင့် မြေပြိုမှုများ ဖြစ်ပွားရာ ဒေသခံ ၁၀ဦး သေဆုံးခဲ့ကြောင်း ဗီယက်နမ်ရဲတပ်ဖွဲ့က ပြောကြားသည်။ **(အောက်ပုံ)***



### အီဂျစ်၌ A(H1N1) ရောဂါဖြင့် တစ်ဦးသေဆုံး

*အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင် ဇူလိုင် ၂၅ ရက်က အသက် ၂၀အရွယ်ရှိ လူငယ်တစ်ဦး A(H1N1)ရောဂါဖြင့် သေဆုံးသွားကြောင်း၊ အီဂျစ်၌ ယင်းရောဂါဖြင့် သေဆုံးသူစုစုပေါင်း ၁၁၀ အထိရှိလာပြီဖြစ်ကြောင်း အီဂျစ်ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။*

### တောင်ကိုရီးယားနှင့် အမေရိကန် ပူးတွဲစစ်ရေးလေ့ကျင့်

*ကိုရီးယားကျွန်းဆွယ် အရှေ့ပိုင်းကမ်းလွန်၌ အမေရိကန်နှင့်တောင်ကိုရီးယား တို့က ဇူလိုင် ၂၅ရက်မှစတင်ကာ လေးရက်ကြာပူးတွဲစစ်ရေးလေ့ကျင့်မှု ပြုလုပ်လျက်ရှိကြောင်း၊ လေယာဉ်များနှင့်သင်္ဘောများအပြင် တပ်ဖွဲ့ဝင် ၈၀၀၀ ကျော်တို့ ပါဝင်ဆင်နွှဲလျက်ရှိကြောင်း သတင်းထုတ်ပြန်သည်။*

### အာဖဂန်၌ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး ပျောက်ဆုံး

*အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တွင် ဇူလိုင် ၂၅ရက်က အမေရိကန် တပ်ဖွဲ့ဝင်နှစ်ဦး ပျောက်ဆုံးသွားကြောင်း၊ နေတိုးတပ်ဖွဲ့များက လေယာဉ်များ၊ ရဟတ်ယာဉ်များ အသုံးပြုပြီး လိုက်လံရှာဖွေလျက်ရှိကြောင်း အာဖဂန်အရာရှိများက သတင်းထုတ်ပြန်သည်။*

### အမေရိကန်၌ ရေကာတာတစ်ခုပြိုကျ

*အမေရိကန်နိုင်ငံ လိုဝါပြည်နယ်ရှိ ဒေလ်ဟီရေအိုင်ကြီး၏ ရေကာတာသည် ဇူလိုင် ၂၅ရက်က မိုးသည်းထန်ပြီး ရေများ တစ်ဟုန်ထိုးစီးဆင်းမှုကြောင့် ရေကာတာပြိုကျခဲ့ရာ ဒေသခံများကို ရွှေ့ပြောင်းပေးခဲ့ရသည်။ ။ (အင်တာနက်)*

# ချည်မျှင်ရှည်ဝါစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၅**

ချည်မျှင်ရှည်ဝါ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ညှိနှိုင်းဆွေးနွေးပွဲကို ဇူလိုင် ၂၃ရက် ညနေ ၆နာရီက နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာ ဝန်ကြီးက အမှာစကားပြောကြားရာတွင် တစ်ဧက အထွက်နှုန်းကောင်းသည့် ငွေချည်(၆) ချည်မျှင်ရှည်ဝါကို ဝန်ကြီးဌာနမှ မျိုးပွား၍ ဝါတောင်သူများအား မျိုးပြောင်းလဲစိုက်ပျိုးစေခဲ့ရာ တစ်ဧက ဝါပိဿာ ၁၆၀၀ကျော် ထွက်ရှိနိုင်ကြောင်း၊ ယခုနှစ်တွင် ငွေချည်(၆) ချည်မျှင်ရှည်ဝါ ဧက ၆ ဒသမ ၉သိန်း စိုက်ပျိုးရန် ရည်မှန်းဆောင်ရွက်လျက်ရှိရာ ရေသွင်းစိုက်ဧကများနှင့် ရေတော်မိုးတော် ဧကများတွင် ပျမ်းမျှအထွက်နှုန်း ပိဿာ ၁၀၀၀အထက်ရရှိရေး စီမံဆောင်ရွက်ကြရန် မှာကြားသည်။

**မှာကြား**

ထို့နောက် မြန်မာ့ဝါနှင့်ပိုးချည်လုပ်ငန်းမှ အထွေထွေမန်နေဂျာများနှင့် တိုင်းမန်နေဂျာများက အထွက်တိုးရေးအတွက် ဆောင်ရွက်သွားမည့် လုပ်ငန်းရပ်များကိုတင်ပြကြရာ ဝန်ကြီးက လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




# အာဆီယံကျန်းမာရေးဝန်ကြီးများ အစည်းအဝေး ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်

**နေပြည်တော် ဇူလိုင် ၂၅**

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၂၁ရက်မှ ၂၃ရက်အထိ စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပသည့် (၁၀)ကြိမ်မြောက် ASEAN ကျန်းမာရေးဝန်ကြီးများအစည်းအဝေး၊ (၄)ကြိမ်မြောက် ASEAN +3 ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးနှင့် (၃)ကြိမ်မြောက် ASEAN + China ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

**တက်ရောက်**

ဝန်ကြီး ဒေါက်တာကျော်မြင့် ခေါင်းဆောင်သောအဖွဲ့သည် ဇူလိုင် ၂၁ရက် မွန်းလွဲ ၂နာရီတွင် စင်ကာပူသမ္မတနိုင်ငံ Shangri-La ဟိုတယ်၌ ကျင်းပသည့် အရှေ့အာရှ ကျန်းမာရေးဆိုင်ရာ မူဝါဒ ဆွေးနွေးပွဲသို့ တက်ရောက်သည်။

ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ဇူလိုင် ၂၂ရက်တွင် စင်ကာပူသမ္မတနိုင်ငံ Shangri-La **ဟိုတယ်**အစည်းအဝေးခန်းမ၌ကျင်းပသည့် ASEAN ကျန်းမာရေး ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိများ ပါဝင်သော အလွတ်သဘောဆွေးနွေးပွဲသို့ တက်ရောက်၍ဆွေးနွေးပြောကြားရာတွင် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် လေဆိပ်၊ ဆိပ်ကမ်းနှင့် နယ်စပ်ဝင်ပေါက်ဂိတ်များတွင် ရောဂါစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းလုပ်ငန်းများကို အဓိကဦးစားပေးဆောင်ရွက်လျက်ရှိကြောင်းနှင့် ဒေသအတွင်း သွေးလွန်တုပ်ကွေးရောဂါသည် ရာသီဥတုပြောင်းလဲဖြစ်ပေါ်မှုကြောင့် ပြန်လည်အဖြစ်များလာမှုရှိကြောင်း၊ ပြည်သူ့ကျန်းမာရေး ပြဿနာတစ်ရပ်အနေဖြင့် ဖြစ်ပွားနေမှုကို ASEAN နိုင်ငံများအတွင်း ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း တင်ပြသည်။ အဖွဲ့ဝင်နိုင်ငံများက နှစ်စဉ် ဇွန် ၁၅ရက်ကို ASEAN DENGUE နေ့အဖြစ် သတ်မှတ်ပြီး ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်သွားကြရန် သဘောတူညီကြသည်။

**ကျင်းပ**

ဆက်လက်၍ (၁၀)ကြိမ်မြောက် ASEAN ကျန်းမာရေးဝန်ကြီးများအစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၂ရက်တွင် စင်ကာပူသမ္မတနိုင်ငံ Shangri-La ဟိုတယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ASEAN ကျန်းမာရေးဝန်ကြီးများသည် "Healthy People, Health ASEAN" ခေါင်းစဉ်ဖြင့် နိုင်ငံအလိုက် ဆောင်ရွက်ထားရှိမှုလုပ်ငန်းများနှင့် ရှေ့ဆက်လက် ဆောင်ရွက်မည့်လုပ်ငန်းများကိုတင်ပြဆွေးနွေးကြရာ ဝန်ကြီး ဒေါက်တာကျော်မြင့်လည်း ပါဝင်ဆွေးနွေး ပြောကြားသည်။

ယင်းနောက် အစည်းအဝေးအစီအစဉ်များကို ဆက်လက်ကျင်းပရာ ၂၀၀၉ ခုနှစ် ဒီဇင်ဘာ၇ရက်မှ ၉ရက်အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပခဲ့သည့် (၅)ကြိမ်မြောက် ASEAN Senior Official Meeting for Health Delegate အစည်းအဝေး အစီရင်ခံစာများ၊(၁၀)ကြိမ်မြောက် ASEAN ကျန်းမာရေးဝန်ကြီးများအစည်းအဝေး၊ (၄)ကြိမ်မြောက် ASEAN + 3 ကျန်းမာရေးဝန်ကြီးများအစည်းအဝေးနှင့် (၃)ကြိမ်မြောက် ASEAN + China ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးအတွက် အဆင့်မြင့် အရာရှိကြီးများ၏ ကြိုတင်ညှိနှိုင်းဆွေးနွေးပွဲများမှ အစီရင်ခံစာများ၊ ဝန်ကြီးများ အစည်းအဝေးအတွက် ဆွေးနွေးရမည့် အချက်အလက်များကို အတည်ပြုကြသည်။

ဆက်လက်၍ (၁၀)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများအစည်းအဝေး၏ ပူးတွဲကြေညာစာတမ်းကို တင်ပြဆွေးနွေးပြီး အတည်ပြုကာ (၁၁)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများအစည်းအဝေးကို ထိုင်းနိုင်ငံတွင် ကျင်းပရန် အတည်ပြုဆုံးဖြတ်ကြသည်။

ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ဇူလိုင် ၂၃ရက်တွင် စင်ကာပူသမ္မတနိုင်ငံ Shangri-La ဟိုတယ်အစည်းအဝေးခန်းမ၌ ကျင်းပသည့် (၄)ကြိမ်မြောက် ASEAN+ 3 ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးနှင့် (၃)ကြိမ်မြောက် ASEAN+ China ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးများသို့ တက်ရောက်သည်။

ဝန်ကြီး ဒေါက်တာကျော်မြင့်က ASEAN + 3 ၏ ကျန်းမာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများတွင် တိုင်းရင်းဆေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာများကို ဆွေးနွေးတင်ပြခဲ့သည်။

ယင်းနောက် ASEAN+ 3 ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ ပူးတွဲကြေညာစာတမ်းကိုထုတ်ပြန်ပြီး (၅)ကြိမ်မြောက် ASEAN + 3 ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးနှင့် (၄)ကြိမ်မြောက် ASEAN+ China ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးတို့ကို ထိုင်းနိုင်ငံတွင် ကျင်းပရန်အတည်ပြုဆုံးဖြတ်ကြ၍ကြေညာစာတမ်းထုတ်ပြန်ကာ အစည်းအဝေးကျင်းပပြီးစီးသွားသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကျန်းမာရေးဝန်ကြီးများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(အပေါ်ပုံ)**

ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် အဖွဲ့သည် ဇူလိုင်၂၄ရက်တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# စာပဒေသာ ကျေးရွာစာကြည့်တိုက် ကျုံပျော်၌ပန္နက်တင် အလှူငွေပေးအပ်

**ကျုံပျော် ဇူလိုင် ၂၅**

ပုသိမ်ခရိုင် ကျုံပျော်မြို့နယ် သရက်သုံးပင်ကျေးရွာအုပ်စု ရွာသစ်ကုန်းကျေးရွာ စာပဒေသာစာကြည့်တိုက် အဆောက်အအုံသစ် ပန္နက်တင်မင်္ဂလာနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဇူလိုင်၂၂ရက် နံနက် ၉နာရီက ရွာသစ်ကုန်းကျေးရွာ စာကြည့်တိုက် ဆောက်လုပ်မည့်မြေနေရာနှင့် ကျေးရွာဓမ္မာရုံ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးရဲဝင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းဝင်း၊ မြို့နယ်ဦးစီးမှူးဒေါ်ခင်မိုးမြင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးနေဝင်း၊ မြို့နယ်ပညာရေးမှူး ဦးကျင်သောင်း၊ မြို့နယ် အတွင်းရေးမှူးဒေါ်ကြူကြူသန်းနှင့် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ပပစိုး၊ ကျေးရွာဥက္ကဋ္ဌဦးမြင့်သိန်းနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများတွင် ပန္နက်ရိုက်ပေးကြသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် နိုင်ငံတော်မတည်ငွေကို ပုသိမ်ခရိုင် ဦးစီးအရာရှိ ဦးစန်းဝင်းက ပေးအပ်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးရဲဝင်းက **(အပေါ်ဝဲပုံ)** လက်ခံယူပြီး ကျေးရွာအလှူရှင်များ၏လှူဒါန်းငွေကျပ်သုံးသိန်းကို ကျေးရွာဥက္ကဋ္ဌ ဦးမြင့်သိန်းက ပေးအပ်လှူဒါန်းရာ မြို့နယ် ဦးစီးမှူး ဒေါ်ခင်မိုးမြင့်က လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

# သတ်မှတ်စည်းကမ်းနှင့်အညီ လုပ်ကိုင်ရေး ဗီဒီယိုလုပ်ငန်းရှင်များအား အသိပေး

*ရန်ကုန် ဇူလိုင် ၂၅*

*ရန်ကုန်တိုင်း ဗီဒီယိုလုပ်ငန်း စိစစ် ကြီးကြပ်ရေးကော်မတီသည် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပါ ဗီဒီယို ထုတ်လုပ်ခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ ဗီဒီယိုတည်းဖြတ်ခြင်း၊ ဗီဒီယိုတိပ်ခွေ(ဗွီစီဒီ၊ ဒီဗွီဒီ)ကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ငှားရမ်းခြင်းနှင့် ဗီဒီယိုပြသခြင်း(ရုံနှင့်ပြသခြင်း၊ ကာရာအိုကေခန်းမ-KTV၊ လက်ဖက်ရည်ဆိုင်တွင် ဗီဒီယိုပြသခြင်း၊ စားသောက်ဆိုင်တွင် ဗီဒီယိုပြသခြင်း၊ အမျိုးသား/ အမျိုးသမီး အလှပြင်ခန်းမ/အလှပြင်ဆိုင်တွင် ဗီဒီယိုပြသခြင်း)တို့နှင့်ပတ်သက်သော လုပ်ငန်းလုပ်ကိုင်သူများအား လုပ်ငန်းလိုင်စင်အမြန်ရယူရေး၊ သက်တမ်းလွန် လုပ်ငန်းလိုင်စင်ဖြင့် လုပ်ငန်းလုပ်ကိုင်ခြင်း မရှိစေရေး၊ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ရေးတို့အတွက် လုပ်ငန်းရှင်များအား အသိပေးရန် သက်ဆိုင်ရာ မြို့နယ်ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီများ၊ မြို့နယ် ဗီဒီယိုအခြေခံအဖွဲ့ခွဲများမှတစ်ဆင့် အကြောင်းကြားထားရှိကြောင်းနှင့် ကွင်းဆင်းစစ်ဆေးသည့်အခါ လိုင်စင်မဲ့၊ သက်တမ်းလွန်နှင့် သတ်မှတ်စည်းကမ်းချက်နှင့် ညီညွတ်မှုမရှိသော လုပ်ငန်းများအား ထုတ်ပြန်ထားသော ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။* ***(သတင်းစဉ်)***

# သတိပေးနှိုးဆော်ချက်

*ရန်ကုန်မြို့အတွင်း သွားလာလျက်ရှိသည့် အချို့မော်တော်ယာဉ်များသည် ယာယီနံပါတ် အမျိုးမျိုးကို တပ်ဆင် သွားလာလျက်ရှိကြောင်း တွေ့ရှိရပါသည်။ ထိုသို့ သွားလာလျက်ရှိရာတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သတ်မှတ်ပေးထားသည့် စက်မှုဇုန်ထုတ် ယာယီနံပါတ် ခွင့်ပြုကာလ နှစ်လ၊ လေလံနံပါတ် ခွင့်ပြုကာလ သုံးလကိုသာ တပ်ဆင်၍ စည်းကမ်းသတ်မှတ်ချက်နှင့်အညီ သွားလာကြရန်နှင့် သတ်မှတ်ထုတ်ပေးထားခြင်းမရှိသော ယာယီနံပါတ်များ တပ်ဆင် မောင်းနှင်နေခြင်းကို စစ်ဆေးတွေ့ရှိပါက ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။*

*ရန်ကုန်တိုင်း*
*ယာဉ်စည်းကမ်းထိန်းသိမ်းရေး*
*ကြီးကြပ်မှုကော်မတီ*

# မြဝတီရုပ်မြင်သံကြား

၂၆-၇-၂၀၁၀ (တနင်္လာနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | ဝါဆိုလပြည့်နေ့တရားတော် |
| ၇:၂၀ | ၃။ | အရှင်ဇနကာဘိဝံသထေရုပ္ပတ္တိ တောင်သမန်အင်းစောင်းမှ တုံးမောင်းသံ |
| ၇:၂၅ | ၄။ | ဓမ္မပူဇာတေး |
| ၇:၃၀ | ၅။ | မျိုးချစ်တပ်မတော် |
| ၇:၃၅ | ၆။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၄၀ | ၇။ | မြန်မာသံစဉ် ချိုနှားဝင် |
| ၇:၄၅ | ၈။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇:၅၅ | ၉။ | အမျိုးသားရေးတေးကဗျာ |
| ၈:၀၀ | ၁၀။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၁။ | အမျိုးသားရေးတေးကဗျာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၀ | ၃။ | အမျိုးသားရေးတေးကဗျာ |
| ၄:၂၅ | ၄။ | ရင်မှာစွဲလမ်း တော်ဝင်ပန်း |
| ၄:၃၅ | ၅။ | မျိုးချစ်တပ်မတော် |
| ၄:၄၅ | ၆။ | စိုက်ပျိုးသုတ |
| ၄:၅၅ | ၇။ | မြတ်နိုးကြစေ အမျိုးသားအမွေ |
| ၅:၂၀ | ၈။ | ဗွီစီဒီကျော်ကြားတေးများ |
| ၅:၃၀ | ၉။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မိုးသောက်ကြယ်** (အပိုင်း-၃) |
| ၆:၀၀ | ၁၀။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၁။ | အမျိုးသားရေးတေးကဗျာ |
| ၆:၂၀ | ၁၂။ | လျှပ်တစ်ပြက် |
| ၆:၄၀ | ၁၃။ | သံစဉ်လမ်းက လင်းလက်ကြယ် |
| ၇:၀၀ | ၁၄။ | ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ရင်နှစ်သည်းချာ** (အပိုင်း-၅၁) |
| ၈:၀၀ | ၁၅။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၆။ | နိုင်ငံတကာသတင်း |
| | ၁၇။ | မိုးလေဝသသတင်း |
| | ၁၈။ | အမျိုးသားရေးတေးကဗျာ |
| | ၁၉။ | Talk of the Town |
| | ၂၀။ | မေးမြန်းစူးစမ်း |
| | ၂၁။ | သီဆိုဖြေဖျော်တစ်ကိုယ်တော် |
| | ၂၂။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၂၃။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လရောင်ဆမ်းတဲ့ဒဏ္ဍာရီ** (အပိုင်း-၂၄) |

# အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာများ ပေါင်မြို့နယ်၌ ဖြန့်ဝေပေးအပ်

**ပေါင် ဇူလိုင် ၂၅**

မြန်မာနိုင်ငံ တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ဖြန့်ဝေပေးခဲ့သည့် အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာများကို ပေါင်မြို့နယ်အတွင်းရှိ ကျေးရွာများသို့ ထပ်ဆင့်ဖြန့်ဝေပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၂၁ရက် နံနက် ၉နာရီက ပေါင်မြို့ မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ပေါင်မြို့နယ် ဥက္ကဋ္ဌ ဦးမြတ်အောင်ဌေးက အဖွင့်အမှာစကားပြောကြားသည်။

**ဖြန့်ဝေပေးအပ်**

ဆက်လက်၍ တိုင်းရင်းဆေးပညာဦးစီးဌာနမှ သင်တန်းဆရာများက တိုင်းရင်းဆေးသေတ္တာပါ တိုင်းရင်းဆေးများဖြင့် လူနာများအား အရေးပေါ်ကုသနိုင်သော ကုသပုံနည်းစနစ်များကို သင်တန်းပို့ချပေးသည်။ သင်တန်းအပြီးတွင် အရေးပေါ် တိုင်းရင်းဆေးသေတ္တာ ၆၅လုံးကို ပေါင်မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်အောင်ဌေး **(အောက်ပုံ)**၊ မြို့နယ် တိုင်းရင်းဆေးကုခန်းတာဝန်ခံ ဒေါ်ခင်ခင်ဦး၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်အေးအေးမော်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဌာနမှ ဒုတိယဦးစီးမှူး ဦးသက်လွင်တို့က ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများမှတစ်ဆင့် သက်ဆိုင်ရာကျေးရွာ တာဝန်ခံများသို့ ဖြန့်ဝေပေးအပ်သည်။ **(၁၇၆)**





အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

## ဝန်ကြီး ဦးဇော်မင်း ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်း ကြည့်ရှုစစ်ဆေး

### စီမံကိန်းတစ်ခုလုံး၏ ၈၈ ရာခိုင်နှုန်းကျော် ပြီးစီးလျက်ရှိ

နေပြည်တော် ဇူလိုင် ၂၅

**အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းသည် ဇူလိုင် ၂၂ရက် ညနေပိုင်းက ပဲခူးတိုင်း ဖြူးမြို့၏ အနောက်တောင်ဘက် ကိုးမိုင်ခန့်အကွာရှိ ကွန်းချောင်းပေါ်၌ အမှတ်(၃)တည်ဆောက်ရေးက အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည့် ကွန်းချောင်းရေအားလျှပ်စစ် စီမံကိန်းသို့ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ တည်ဆောက်ရေး ညွှန်ကြားရေးမှူး ဦးနေဝင်းသိန်းက စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။**

#### ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ရှင်းလင်းဆောင်ရှုရပ်မှ ရေထိန်းမျှော်စင်နှင့် ရေယူအဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်း ပြီးစီးမှုနှင့် ပင်မတမံ တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပင်မတမံတည်ဆောက်ပြီးစီးမှုကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး ဖိအားနိမ့် သံမဏိပိုက်လိုင်း တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ပင်မတမံပေါ်မှ ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ရေလွှဲထိန်းဆည်ဆောက်လုပ်ပြီးစီးမှု၊ ရေသွယ်ဥမင်လိုဏ်အတွင်း ဝင်ရောက်၍ ကွန်ကရစ်လိုင်နင် သွန်းလောင်းပြီးစီးမှု၊ သွန်းလောင်းနေမှုနှင့် ကျန်ရှိမှုတို့ကိုလည်းကောင်း၊ ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်း လုပ်ငန်းခွင်၌ စက်အမှတ်(၁) Pit Liner တပ်ဆင်ပြီးစီးမှု၊ စက်အမှတ်(၂) Spiral Casing တပ်ဆင်ပြီးစီးမှုနှင့် စက်အမှတ်(၃) Stay Ring တပ်ဆင်ပြီးစီးမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

#### ထုတ်လုပ်ပေးနိုင်

အဆိုပါ ကွန်းချောင်းရေအားလျှပ်စစ် စီမံကိန်းသည် စက်တစ်လုံးလျှင် မဂ္ဂါဝပ် ၂၀ ရှိပြီး စက်သုံးလုံးဖြင့် စုစုပေါင်း စက်တပ်ဆင်အင်အား မဂ္ဂါဝပ်၆၀မှ တစ်နှစ်လျှင် ပျမ်းမျှဓာတ်အားကီလိုဝပ် နာရီသန်းပေါင်း ၁၉၀ သန်း ထုတ်လုပ်ပေးနိုင်မည့် စီမံကိန်းတစ်ခုဖြစ်ကာ ယခုအခါ စီမံကိန်းတစ်ခုလုံး၏ ၈၈ ဒသမ၈ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ကွမ်းခြံကုန်းမြို့နယ်အသင်း (ရန်ကုန်) ပညာသင်ထောက်ပံ့

**ရန်ကုန် ဇူလိုင် ၂၅**

ကွမ်းခြံကုန်းမြို့နယ်အသင်း (ရန်ကုန်)၏ ကွမ်းခြံကုန်းမြို့နယ်ရှိ ကျောင်းနေရန် အခက်အခဲရှိသော ကျောင်းသား ကျောင်းသူကလေးများအတွက် ပညာရေးဒါန အလှူပေးပွဲကို ဇူလိုင် ၄ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီခွဲက ကွမ်းခြံကုန်းမြို့ အခြေခံပညာအထက်တန်းကျောင်းအမှတ် (၂)ရှိ ဇာတိမာန်ခန်းမ၌ ကျင်းပရာ ကွမ်းခြံကုန်း မြို့နယ်အသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဦးကျော်ခိုင် (မြန်မာ့အလှဆောက်လုပ်ရေး)က ဝမ်းမြောက်စကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးဇော်ဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် အသင်းနာယကများ၊ အမှုဆောင်များနှင့် စေတနာရှင်တို့က ပဉ္စမတန်းမှ ကျောင်းသား ၆၆ဦး၊ ဆဋ္ဌမတန်းမှ ၅၅ဦး၊ သတ္တမတန်းမှ ၄၇ဦး၊ အဋ္ဌမတန်းမှ ၃၂ ဦး၊ နဝမတန်းမှ ၅၀နှင့် တက္ကသိုလ်ဝင်တန်းမှ ၅၀ စုစုပေါင်း ကျောင်းသား ၃၀၀အတွက် တစ်ဦးလျှင် ငွေကျပ် ၄၉၄၀မှ ၇၀၂၀အထိ အတန်းလိုက် ကျောင်းနေစရိတ်များကိုလည်းကောင်း၊ ပညာရေးနှင့် အလှမ်းဝေးနေသော ကျောင်းပြင်ပမူလတန်း ညကျောင်း ကျောင်းသားများအတွက် ငွေကျပ် ၂၀၀၀၀၀ကိုလည်းကောင်း၊ နာဂစ်ပြန်လည်ထူထောင်ရေး တန်ဖိုးနည်းအိမ်ရာဖြစ်သော အိမ်ခြေတစ်ထောင် မေတ္တာကျေးရွာမှ ချို့တဲ့သော ကလေးများအတွက် ငွေကျပ် ၂၀၀၀၀၀ကိုလည်းကောင်း စုစုပေါင်း ငွေကျပ်၂၁၀၅၀၀၀ တို့ကို အတန်းပိုင်ဆရာ ဆရာမများနှင့် ကျောင်းသူ ကျောင်းသားများထံ ကိုယ်တိုင်ပေးအပ်လှူဒါန်းခဲ့ကြသည်။ **(အောက်ပုံ)** (၁၃၅)



## ပြည်တွင်း၊ ပြည်ပ ဟိုတယ်လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နိုင်မည့် သင်တန်းသစ်ဖွင့်မည်

**နေပြည်တော် ဇူလိုင် ၂၅**

ပြည်တွင်း၊ ပြည်ပရှိ Hotel, Restaurant နှင့် အပျော်စီးသင်္ဘောလိုင်းများတွင် တာဝန်ထမ်းဆောင်ချင်သူများအတွက် ရည်ရွယ်၍ SOP Course for Hotel & Cruise Staff သင်တန်းအပတ်စဉ်အသစ်ကို ဩဂုတ်လ ပထမပတ်အတွင်း Star Resources Hospitality Management Academy ၌ ဖွင့်လှစ်မည်ဖြစ်သည်။

#### သင်ကြားပေးမည်

သင်တန်းကာလအတွင်း Hotelier Life တွင် အလုပ်အကိုင်အခွင့်အလမ်းပေါများသော F & B Service ( Waiter / Waitress)၊ Housekeeping (Room Attendant ) နှင့် The Art of Napkin Folding စသည်တို့ကို Institute of Hospitality (UK) နှင့် Institute of AH & LA (USA) မှ သတ်မှတ်ထားသော Course Guide Line များနှင့်အညီ International Five Star Hotel များတွင် တာဝန်ထမ်းဆောင်ခဲ့သူများကိုယ်တိုင် တတ်မြောက်ကျွမ်းကျင်အောင် စာတွေ့၊ လက်တွေ့ သင်ကြားပေးမည်ဖြစ်သည်။

ထို့အပြင် IELTS Foundation Course **နှင့်** Intensive Course ကိုလည်း Star Resources Hospitality Management Academy တွင် ဩဂုတ်လ ပထမပတ်အတွင်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

#### စာရင်းပေးသွင်းနိုင်

သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy ၊ တိုက် ၂၆၇ အခန်း ၃၀၂ ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ဖုန်း-၀၁-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆၊ ၀၉-၅၀၂၀၃၀၂ တို့သို့ ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**





သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကော်မတီတို့ ပူးပေါင်း၍ ဇူလိုင် ၁၁ ရက်က မြို့မဈေးကြီးပတ်လမ်းကို တစ်လမ်းမောင်းစနစ် သတ်မှတ်ဆောင်ရွက်နိုင်ရေး ဒုတိယဦးစီးမှူး (အခွန်) ဦးသက်ဇော်ထွန်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးအဖွဲ့တို့ ပူးပေါင်း၍ ကွင်းဆင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

## ရောဝတီတံတား (မလွန်) တည်ဆောက်ရေးလုပ်ငန်းခွင်တွင် ရေလမ်းကြောင်း သတ်မှတ်ထားကြောင်း နှိုးဆော်ချက်ထုတ်ပြန်

**ရန်ကုန် ဇူလိုင် ၂၅**

တည်ဆောက်ဆဲ ဧရာဝတီတံတား (မလွန်) တည်ဆောက်ရေးလုပ်ငန်းခွင်တွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၃)နှင့် (၄)အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၂)နှင့် (၃)အကြားမှလည်းကောင်း သတ်မှတ်ပေးထားသည်။

#### မီးနီထွန်းပြသထား

ဖြတ်သန်းရမည့် ရေလယ်တိုင်များဖြစ်သော ရေလယ်တိုင်အမှတ်(၂)၏ တိုင်အမှတ်ကို ယင်းတိုင်၏ ငြမ်းစင်တွင် ရေးသားထားပြီး ရေမြုပ်နေမည့် ရေလယ်တိုင်အမှတ်(၃)နှင့် (၄)နေရာများတွင် ရေယာဉ်များအား ကျောက်ချရပ်ထားကာ ယင်းရေယာဉ်များပေါ်တွင် ရေလယ်တိုင် အမှတ်များကို ရေးသားထားသည်။ ဖြတ်သန်းခြင်းမပြုရမည့် ရေမြုပ်နေသော တံတားတိုင်နေရာများတွင် ရေယာဉ်များ ကျောက်ချရပ်နားထားကာ ရေယာဉ်များပေါ်တွင် ရေကြောင်းပိတ် အမှတ်အသားပြသထား၍ ညအခါ မီးနီထွန်းပြသထားသည်။

သတ်မှတ်ရေလမ်း၏ ကင်းလွတ် အကျယ်မှာ ၉၈မီတာရှိသည်။ တည်ဆောက်ရေးလုပ်ငန်းခွင်၏ အထက်တွင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရေယာဉ်တစ်စင်းဖြင့်လည်းကောင်း၊ အောက်ဘက်တွင် ရေကြောင်းပြ ပဲ့ထောင်ရေယာဉ်ဖြင့်လည်းကောင်း ရေကြောင်းသတင်းပေးရန် ဆိုက်ကပ်ထားပြီး ဖြတ်သန်းမည့်ရေယာဉ်များအနေဖြင့် ယင်းရေယာဉ်များမှ ရေကြောင်းသတင်းရယူပြီးမှ ဖြတ်သန်းကြရန်ဖြစ်သည်။

#### သတိပေးနှိုးဆော်

တံတားရေလမ်းကို ဖြတ်သန်းကြမည့် ရေယာဉ်များအနေဖြင့် သတ်မှတ်ရေလမ်းအတွင်း ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန်နှင့် တွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်း မှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေး နှိုးဆော်ချက်ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဂွမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ဂွ ဇူလိုင် ၂၅**

ရခိုင်ပြည်နယ် ဂွမြို့နယ်တွင် ဇူလိုင် ၁၄ရက် နံနက်က ရဟိုင်တွင်းကျေးရွာအဝင် လမ်းဘေးဝဲယာတစ်လျှောက်ကျွန်း၊ ယူကလစ်၊ မဲဇလီအပင်ပေါင်း ၄၅၀ ကို စုပေါင်းစိုက်ပျိုးကြသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် ထုတ်လုပ်ရေးမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးကြည်သာနှင့် သံတွဲခရိုင် ဥက္ကဋ္ဌ ဦးခင်မောင်ကျော်တို့ တက်ရောက်ကြပြီး ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက တပျော်တပါး စုပေါင်း သစ်ပင်စိုက်ပျိုးကြသည်။ (ဝဲပုံ) (၁၁၃)

## စာကြည့်တိုက်အတွက် စာအုပ်၊စာစောင်များလှူဒါန်း

**အမရပူရ ဇူလိုင် ၂၅**

အမရပူရမြို့နယ် မန်ကျည်းတိုင်းကျေးရွာ ရွှေပိတောက်(၁) ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၌ အသုံးပြုရန် အလှူငွေနှင့် စာအုပ်စာစောင်ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၉ရက် နံနက် ၁၀ နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သန်းထွန်း၊ မန္တလေးခရိုင် ဦးစီးအရာရှိ ဒေါ်သန်းသန်းဝေ၊ အလှူရှင် ဦးစိန်မြင့် (ရွှေချည်ထိုးလုပ်ငန်း)၊ ချမ်းမြသာစည်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆွေ(ဆွေနွယ်ဦး)၊ ဒေါ်မမနိုင် (မမနိုင်-ရုပ်သေး)၊ ဦးမောင်မောင်(မင်းဏီလူ)၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်တင်တင်လှနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယညွှန်ကြားရေးမှူးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အလှူရှင်ဦးစိန်မြင့် (ရွှေချည်ထိုးလုပ်ငန်း)က အလှူငွေကျပ် သုံးသိန်းကို ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးသန်းလင်းနိုင်က လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

# ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ပေးအပ်ချီးမြှင့်ပွဲ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး တက်ရောက်ဆုများချီးမြှင့်

နေပြည်တော် ဇူလိုင် ၂၅

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ပေးအပ်ချီးမြှင့်သည့် အခမ်းအနားကို ဇူလိုင်၁၇ရက် နံနက်ပိုင်းက တနင်္သာရီတိုင်း မြိတ်မြို့ခန်းမ၌ကျင်းပရာ တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ရရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ပေးအပ်ချီးမြှင့်**

ရှေးဦးစွာ တာဝန်ရှိသူတစ်ဦးက ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ရရှိမှုအခြေအနေကို ရှင်းလင်း တင်ပြသည်။

ထို့နောက် တိုင်းမှူးက အမှာစကားပြောကြားပြီး တနင်္သာရီတိုင်းအတွင်းမှ လူမှုထူးချွန်ဆုရရှိသူများအား ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆)၊ အမှတ် (၂၈)ထွက်ရှိ

ရန်ကုန် ဇူလိုင် ၂၅

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၂၈)တွင် မြန်မာနိုင်ငံ၏ ရုပ်ရှင်ရုံတွဲဖက်ပါ ပထမဆုံးရှော့ပင်းမောလ် မော်တင်တာဝါဖွင့်တော့မည်၊ ငါးသိန်းတန်ဖုန်း ပြောဆိုရလွယ်ကူရန် ရေဒီယိုစခန်းများ ရန်ကုန်နှင့်မန္တလေးမြို့တို့တွင် တိုးမြှင့်တပ်ဆင်နေ၊ ဖမ်းဆီးခံရသောလိုင်စင်ရှိဆိုင်ကယ်များ ဒဏ်ကြေးငွေဆောင်ပါက ပြန်ထုတ်ယူနိုင်၊ (၆၃)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့ နိုင်ငံရေးပါတီ၂၀ခန့် ပထမဆုံးတက်ရောက်ခွင့်ရခဲ့၊ ၂၀၁၂တွင် အင်တာနက်စနစ်များ ပြတ်တောက်မည်ဟုဆို၊ ရန်ကုန်မြို့ လူစည်ကားရာနေရာများတွင် စီးကရက်အရောင်းမြှင့်တင်မှုပိုများလာ၊ မြို့မငြိမ်း ပုံတူထုလုပ်၊ လာနီညာကြောင့် ယခုမိုးနှောင်းကာလ အပြင်းစားမုန်တိုင်းများဖြစ်လာဖွယ်ရှိ၊ သင်္ဘောသားအချို့ကို လိမ်လည်သင်္ဘောတင်ပေးခဲ့သည့် အမှုတစ်ခုဖြစ်ပွား၊ စအိုပေါက်မပါသည့် ကလေးတစ်ဦး အကူအညီလိုအပ်နေ၊ တန်ပိုတင်လာသော ကုန်တင်ယာဉ်များကို ဖြတ်သန်းခွင့်ပြုနေသည့် စခန်းများအား ထိရောက်စွာအရေးယူတော့မည်၊ ယောက္ခမဒေါသကြောင့် သမက်မှာ အသက်ဆုံးရစသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ ကမ္ဘာ့ဖလားကပေးသော သင်ခန်းစာများ Myanmar CHANNEL၊ ဆိပ်ခွန်ရွာသမိုင်းဝင် အင်ကြင်းတောစေတီတော် Myanmar DISCOVERY၊ ဆရာဘုန်းလူလှ၏ နိုင်ငံရေးသဘောတရားများ၊ တပ်မတော်အစိုးရကို ပူးပေါင်းသင့်တယ် Political Column၊ မိတ်ဆွေပေါများစေမည့် နည်းလမ်းသုံးရပ်၊ ပျော်စရာနေ့များကဲ့သို့သော ဖတ်စရာ မှတ်စရာ ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

သတင်းအချက်အလက် တနင့်တပိုးပါရှိရေးက စာဖတ်သူတို့အား ဆွဲဆောင်မှုပြုစေမည့် တစ်ခုတည်းသောနည်းလမ်းဖြစ်၊ မလေးရှားရဲတပ်ဖွဲ့က ကုန်လှောင်ရုံတစ်ခုအား ဝင်ရောက်စီးနင်းရာ ရှားပါးငှက်များနှင့် တောရိုင်းတိရစ္ဆာန် အမြောက်အမြားတွေ့ရှိ၊ ဂျာမနီပေါလ်ပြီးတော့ တရုတ်ပေါလ်၊ ပန်းကန်ပြားပုံတွေလာပြီ၊ မိုဘိုင်းလ်ဖုန်းဖြင့် ကျန်းမာရေးစစ်ဆေးမှု ခံယူနိုင်တော့မည်၊ Titanic မင်းသမီး ကိတ်ဝင်းစလက် ကွာရှင်းတော့မည်၊ အီတလီရဲတပ်ဖွဲ့က ထိပ်တန်းမာဖီးယားဂိုဏ်းအားဖြိုခွင်း၊ မက္ကဆီကိုပင်လယ်ကွေ့ ရေနံယိုဖိတ်မှုရပ်တန့်လေပြီ၊ စင်ကာပူတွင် နိုင်ငံခြားသားလုပ်သားတစ်သိန်းကျော်ခန့် လိုအပ်ဖွယ်ရှိ၊ ကမ္ဘာ့ဖလားဘောလုံးလောင်းကစားမှုကို စစ်ဆင်ရေးတစ်ရပ်ဖြင့်ဖြိုခွင်း စသည့် နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)

# မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော် ဗန်းမော်ခရိုင်၌ကျင်းပ

ဗန်းမော် ဇူလိုင် ၂၅

ဗန်းမော်ခရိုင်၏ ၂၀၁၀ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပွဲတော်ကို ဇူလိုင် ၁၃ရက် နံနက် ၈ နာရီက ကွန်ပျူတာတက္ကသိုလ် (ဗန်းမော်)၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ညွန့်**(အောက်ပုံ)**က ပိတောက်ပင် စိုက်ပျိုးပေးပြီး တက်ရောက်လာကြသော ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိုးလွင်မိုး၊ မြို့နယ်ဥက္ကဋ္ဌဦးခင်မောင်ချိုနှင့် အဖွဲ့ဝင်များ၊ ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးကျော်လွင်၊ မြို့နယ်ဦးစီးအရာရှိ ဦးမိုးလွင်နှင့် ဝန်ထမ်းများ၊ ကွန်ပျူတာတက္ကသိုလ်မှ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ကျွန်း၊ ကံ့ကော်၊ ခရေ၊ စိန်ပန်းနှင့် ရေတမာပင် ၅၀၀ကို စုပေါင်းစိုက်ပျိုးကြသည်။

(ခရိုင် ပြန်/ဆက်)





# တပ်မတော်သား လူနာများအတွက် သွေးလှူဒါန်း

နေပြည်တော် ဇူလိုင် ၂၅

အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိကြသော တပ်မတော်သားလူနာများအတွက် ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြည်ကြီးချမ်းသာမဟာစေတီတော်(မြို့ဦးစေတီ)မှ ပြည်ကြီးချမ်းသာစေတနာရှင် ပရဟိတကုသိုလ်တော်အသင်းဝင် ၅၀တို့သည် ဇူလိုင် ၂၄ရက် နံနက်၉နာရီက အမှတ်(၁) တပ်မတော်ဆေးရုံကြီးသို့ သွားရောက်သွေးလှူဒါန်းကြသည်။**(အပေါ်ပုံ)**

သွေးလှူရှင်များအား အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) တပ်မှူးကိုယ်စား ရောဂါဗေဒဌာန ဌာနမှူး ရောဂါဗေဒပါရဂူ ဒုတိယဗိုလ်မှူးကြီး ဒေါ်တင်မိုးမြက နှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်ကြီးချမ်းသာစေတနာရှင် ပရဟိတကုသိုလ်တော်အသင်း ကိုယ်စား ဦးဝေဖြိုးအောင်က သွေးလှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ရောဂါဗေဒပါရဂူ ဗိုလ်ကြီးအောင်ကိုသန်းက သွေးလှူရှင်နှင့် စပ်လျဉ်းသည့် သိကောင်းစရာများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူတို့က သွေးလှူရှင်များအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)



သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ဟင်္သာတ-ရန်ကုန်ကားလမ်းဘေးဝဲယာတစ်လျှောက်၌ ဓနုဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဌေးလှိုင်နှင့် ဝန်ထမ်းများဦးဆောင်၍ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများက ချုံနွယ်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဇူလိုင် ၁၂ရက်က မြို့နယ် ဥက္ကဋ္ဌဦးတင်လှိုင် ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ် ပြန်/ဆက်)

# အာရှဘောလုံးအဖွဲ့ချုပ် စီလိုင်စင်နည်းပြဆရာ သင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၅

မြန်မာ့ဘောလုံးအားကစား ဖွံ့ဖြိုးတိုးတက်ရန်နှင့် အရည်အသွေးပြည့်ဝသည့် ဘောလုံးနည်းပြဆရာများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ အာရှဘောလုံးအဖွဲ့ချုပ် (AFC)နှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် (MFF)တို့ ပူးပေါင်းဖွင့်လှစ်သည့် AFC စီလိုင်စင်နည်းပြဆရာသင်တန်းကို ဩဂုတ် ၃ရက်မှ ၁၉ရက်အထိ ရန်ကုန်မြို့ရှိ အမျိုးသား ဘောလုံးလေ့ကျင့်ရေးစခန်း၌ ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါ သင်တန်းသို့ အာရှဘောလုံးအဖွဲ့ချုပ်မှ သင်တန်းနည်းပြဆရာ စင်ကာပူနိုင်ငံသား Mr.Kunju Jamaludeen က လာရောက်ပို့ချသင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းသား၊သင်တန်းသူ ၂၅ ဦး တက်ရောက်ကြမည်ဖြစ်သည်။

(ဘောလုံးအဖွဲ့ချုပ်)



# မျိုးဆက်သစ်အားကစားသမားများ ပါဝင်ယှဉ်ပြိုင်နိုင်ရေး
## ပုသိမ်ခရိုင်၌ လုပ်ငန်းညှိနှိုင်းစည်းဝေး

ပုသိမ် ဇူလိုင် ၂၅

မြန်မာ့အားကစား အဆင့်အတန်း တိုးတက်မြင့်မားစေရန်နှင့် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အဆင့်မြင့်မားစွာ ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် မျိုးဆက်သစ် အားကစားသမားများ ပါဝင်ယှဉ်ပြိုင်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၀ရက် မွန်းလွဲ ၂နာရီက ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အမှာစကားပြော**

ရှေးဦးစွာ ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဆွေက အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ပုသိမ်ခရိုင် အားကစားနှင့် ကာယပညာကော်မတီအတွင်းရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ထွန်းက မျိုးဆက်သစ် အားကစားသမားများ ရှာဖွေစုဆောင်း ထားရှိမှု၊ လေ့ကျင့်ဆောင်ရွက်နေမှုနှင့် လိုအပ်သည့် မျိုးဆက်သစ်အားကစားသမားများကို မြို့နယ်များမှ စုဆောင်းပေးပို့ရေးတို့ကို ရှင်းလင်းတင်ပြရာ မြို့နယ်အလိုက် တာဝန်ရှိသူများက ဆွေးနွေးညှိနှိုင်း တင်ပြကြသည်။

(ခရိုင် ပြန်/ဆက်)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၇-၂၀၁၀ (တနင်္လာနေ့ )

**နံနက်ပိုင်း**

| | |
|---|---|
| ၅:၀၀ | MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ရတနသုတ် |
| ၅:၁၅ | MRTV-4 သတင်း |
| ၆:၀၀ | **ဓမ္မစကြာ** တရားတော် (အောင်စကြာဆရာတော် အရှင်စန္ဒသိရီ) |
| ၇:၀၀ | MRTV-4 သတင်း |
| ၇:၄၅ | MRTV-4 ကာတွန်းအစီအစဉ် |
| ၈:၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၅၈) |
| ၈:၃၀ | Sports World |
| ၈:၅၅ | ရှင်တော်မဟာမုနိ.... ဘဂဝါပူဇေမိ |
| ၉:၀၅ | ပရအကျိုးဒို့သယ်ပိုးစို့ |
| ၉:၂၅ | ဖူးကြတူပျော် တာဝတိံသာတက်ပွဲတော် |
| ၉:၄၅ | Global Panorama |
| ၁၀:၅၅ | အဘိဓမ္မာ ပြန့်ပွားရေးအသင်းကြီး၏ အဘိဓမ္မာ (၇)ကျမ်း သာသနာပြုမှတ်တမ်း |
| ၁၁:၀၅ | International Show Biz |
| ၁၁:၂၅ | နှစ်စဉ်ဝင်ငွေတိုးစေဖို့.... သစ်မွှေးစိုက်ကြစို့ |
| ၁၁:၄၅ | **ကျေးဇူးကြီးလှ မိနှင့်ဖ** အကယ်ဒမီရဲအောင်၊ အကယ်ဒမီဇော်ဦး၊ ဦးဝင်းမြိုင်၊ ကျော်ဇေယျ၊ အကယ်ဒမီမြတ်ကေသီအောင်၊ စိုးမိုးကြည်၊ မျိုးစန္ဒီကျော်၊ ပန်ဆုပြည့်ကျော် (ဒါရိုက်တာ ဓာတ်ပုံ-ရဲမြင့်လွင်) |
| ၁၂:၂၀ | စာအုပ်ပြခန်း (ဂျင်စင်းမြေရောက် ကင်ချီနေ့ရက်များ စာအုပ်ရေးသားသူ ဒေါက်တာနုမြတ်နှင့် တွေ့ဆုံခြင်း) |
| ၁၂:၄၀ | မိုးကောင်းညောင်ရမ်းကျောင်း မှတ်တမ်း |
| ၁:၀၀ | **ဓမ္မစကြာ** တရားတော် (အောင်စကြာဆရာတော် အရှင်စန္ဒသိရီ) |
| ၂:၀၀ | MRTV-4 သတင်း |
| ၂:၄၅ | Celebrity Choice (ရေဗက္ကာဝင်း) |
| ၃:၂၀ | အဘိဓမ္မာ ပြန့်ပွားရေးအသင်းကြီး၏ အဘိဓမ္မာ (၇)ကျမ်း သာသနာပြုမှတ်တမ်း |
| ၃:၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၅၈) |
| ၄:၁၀ | ဓမ္မတေးအစီအစဉ် |
| ၄:၃၅ | ရှင်တော်မဟာမုနိ.... ဘဂဝါပူဇေမိ |
| ၄:၅၀ | နေချင်စဖွယ် အိမ်အလှဆင်ကြမယ် (ခမ်းနားချမ်းအေး ကမ္ဘာ့အေးဗီလာထဲက အိမ်ကလေး) |
| ၅:၂၀ | ပရအကျိုးဒို့သယ်ပိုးစို့ |
| ၅:၄၀ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၆:၀၀ | MRTV-4 သတင်း |
| ၆:၂၀ | International Show Biz |
| ၆:၃၅ | အနုပညာမိုးကောင်းကင် |
| ၇:၀၀ | စာအုပ်ပြခန်း (ဂျင်စင်းမြေရောက် ကင်ချီနေ့ရက်များ စာအုပ်ရေးသားသူ ဒေါက်တာနုမြတ်နှင့် တွေ့ဆုံခြင်း) |
| ၇:၂၀ | ဂီတသမားတို့ရဲ့ ရင်ခုန်သံများ (တေးသံရှင်အောင်ဖြိုးနှင့် တွေ့ဆုံခြင်း) |
| ၈:၀၀ | MRTV-4 သတင်း |
| ၈:၃၀ | Celebrity Choice (ရေဗက္ကာဝင်း) |
| ၉:၀၅ | အနုပညာမိုးကောင်းကင် |
| ၉:၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၅၈) |
| ၁၀:၀၀ | ဖူးကြတူပျော် တာဝတိံသာတက်ပွဲတော် |
| ၁၀:၁၅ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၁၀:၃၅ | နေချင်စဖွယ် အိမ်အလှဆင်ကြမယ် (ခမ်းနားချမ်းအေး ကမ္ဘာ့အေးဗီလာထဲက အိမ်ကလေး) |
| ၁၁:၀၀ | ဂီတသမားတို့ရဲ့ ရင်ခုန်သံများ (တေးသံရှင်အောင်ဖြိုးနှင့် တွေ့ဆုံခြင်း) |
| ၁၁:၂၅ | မိခင်လောင်းများအတွက် အာဟာရ (ဒေါက်တာလှကြည်) |
| ၁၁:၃၅ | Music Talk (မိဘမေတ္တာ) |
| ၁၁:၄၅ | မြန်မာတို့၏စွဲမက်ဖွယ်ရာ ထိုးမုန့်၊ လမုန့်အရသာ |
| ၁၁:၅၅ | ဒီဂျစ်တယ်ကတ္တားအစ စီထွာက |
| ၁၂:၁၅ | ကဏ္ဍစုံလင်အားကစားအစီအစဉ် |
| ၁:၀၀ | အစီအစဉ်ပြီး၏။ |

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဌေး အမှတ်(၄)ဓာတ်မြေသြဇာစက်ရုံ (မြောင်းတကာ) စစ်ဆေး

ရန်ကုန် ဇူလိုင် ၂၅

**စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဌေးသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၏ အမှတ် (၄)ဓာတ်မြေသြဇာစက်ရုံ (မြောင်းတကာ)သို့ သွားရောက်၍ စက်စမ်းသပ်လည်ပတ်မှုများကို ကြည့်ရှုစစ်ဆေးသည်။**

### စစ်ဆေး

ရှေးဦးစွာ စက်ရုံအစည်းအဝေးခန်းတွင် စက်ရုံမှူးနှင့်တာဝန်ရှိသူများက စက်အစိတ်အပိုင်းအလိုက် စမ်းသပ်လည်ပတ်ရာတွင် တွေ့ရှိချက်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်ချက်များအပေါ် ဖြည့်ဆည်းပေါင်း စပ်ညှိနှိုင်းဆွေးနွေးသည်။ ထို့နောက် စက်ရုံအတွင်း အပိုင်းလိုက် စမ်းသပ်လည်ပတ်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

### ဆွေးနွေးမှာကြား

ဆက်လက်၍ ဒုတိယဝန်ကြီးသည် အမှတ်(၁)ရေနံချက်စက်ရုံ (သန်လျင်)သို့ သွားရောက်၍ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ စက်သုံးဆီများ ရောက်ရှိမှု၊ သိုလှောင်ထားရှိမှု၊ ဆီတင်ဆီချ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူးနှင့်တာဝန်ရှိသူများက လိုအပ်ချက်များ ရှင်းလင်းတင်ပြကြပြီး လုပ်ငန်းခွင်အတွင်း လိုက်လံပြသရာ ဒုတိယ ဝန်ကြီးက စက်သုံး ဆီဖြန့်ဖြူးမှု လုပ်ငန်းများ လစ်ဟာမှုမရှိစေဘဲ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ စက်သုံးဆီ တင်သွင်းဖြန့်ဖြူးရေးလုပ်ငန်းဆောင်ရွက်နေမှုများကိုလည်း အဆင်ပြေ ချောမွေ့မှုရှိအောင် ကူညီဆောင်ရွက်ပေးရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

### ကြည့်ရှုစစ်ဆေး



**စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဌေး အမှတ်(၄)ဓာတ်မြေသြဇာစက်ရုံ(မြောင်းတကာ)တွင် ကြည့်ရှုစစ်ဆေးစဉ်။**
(စွမ်းအင်)

# မိုးရာသီ စပေါင်းသစ်ပင် စိုက်ပျိုးပွဲ မောင်တောဌ် ကျင်းပ

**မောင်တော ဇူလိုင် ၂၅**

ဒုတိယအကြိမ် မိုးရာသီစပေါင်း သစ်ပင်စိုက်ပျိုးပွဲကို ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် သစ်တောဦးစီးဌာနတို့မှကြီးမှူး၍ ဇူလိုင် ၁၀ရက် နံနက် ၈ နာရီက မောင်တော အထက ကျောင်းဝင်း၌ ကျင်းပသည်။

### စိုက်ပျိုး

ဒုတိယအကြိမ် မိုးရာသီစပေါင်း သစ်ပင်စိုက်ပျိုးပွဲကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွန်းနိုင်လင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ မောင်တော အထက ကျောင်းမှ ကျောင်းအုပ်ကြီးဦးကျန်သိန်းနှင့် ဆရာ ဆရာမများ ကျောင်းသား ကျောင်းသူများ၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများ၊ ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်သန်း၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကျော်ဦးနှင့် ဝန်ထမ်းများ၊ စုစုပေါင်း ၁၂၀၀ တို့သည် ကွမ်းသီးပင် ၁၀၀၀၊ စိန်ပန်းပျိုးပင် ၁၃၀၊ မဟော်ဂနီပျိုးပင် ၁၃၀နှင့် ရေသင်းဝင်ပျိုးပင် ၁၄၀ စုစုပေါင်းပျိုးပင် ၁၄၀၀ကို စုပေါင်းစိုက်ပျိုးကြသည်။

**(ခရိုင် ပြန်/ ဆက်)**



"ပဲတီစိမ်းကို ဒီလိုယာမြေမှာလည်း အတန်းလိုက် စိုက်ပျိုးနိုင်ပါတယ်"
ဦးကျော်လေး
တောင်သူ-ရှောက်ကုန်းကျေးရွာ။

### * ကျောဖုံးမှ

ထိုဒေသမှ တောင်သူများ လူမှုစီးပွား တိုးတက်ပြောင်းလဲလာလျက်ရှိသည်။

### လေ့လာတင်ပြ

ဤသို့ဖြင့် မြန်မာ့အလင်း သတင်းအဖွဲ့သည် ပဲတီစိမ်းစိုက်ပျိုးမှုအကြောင်း တစေ့တစောင်း လေ့လာတင်ပြနိုင်ရန် နေပြည်တော် တပ်ကုန်းမှ စိုက်ပျိုးရေး မန်နေဂျာ ဦးကျင်မောင်နှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

### မျိုးကောင်းမျိုးသန့်

"ကျွန်တော်တို့ နေပြည်တော် တပ်ကုန်းမှာ ၁၉၉၀ ပြည့်လွန်နှစ်များမှစပြီး ပဲတီစိမ်းကိုစတင် စိုက်ပျိုးခဲ့ပါတယ်။ အဲဒီတုန်းက ကျွန်တော့်အနေနဲ့ ရေ၊ မြေ၊ ရာသီဥတုနဲ့ ကိုက်ညီတဲ့ ပဲတီစိမ်းကို စမ်းသပ် စိုက်ပျိုးခဲ့ပါတယ်။ စမ်းသပ်စိုက်ပျိုးလို့ ဖြစ်ထွန်းအောင်မြင်လာတဲ့အလျောက် ဒေသခံတောင်သူတွေကိုလည်း စိုက်ပျိုးဖို့ တိုက်တွန်းခဲ့ပါတယ်။ အဲဒီတုန်းက တောင်သူတွေ စိုက်ချင်လာအောင် စည်းရုံးခဲ့ရသလို ပဲတီစိမ်း မျိုးကောင်းမျိုးသန့်တွေ ရှာပေးခဲ့ပါတယ်။ စိုက်စနစ်တွေလည်း ဖြန့်ဝေပေးခဲ့ပါတယ်။ ယခုအခါမှာတော့ ဒီဒေသက တောင်သူတွေ ပဲတီစိမ်းနဲ့ လူမှုစီးပွား တိုးတက်ပြောင်းလဲကုန်ကြ ပြီ။ မနှစ်ကဆိုရင် တောင်ပုတ်သာ ဆိုတဲ့ ကျေးရွာလေးမှာ ပဲတီစိမ်း စိုက်ပြီး ရလာတဲ့ငွေနဲ့ ဆိုင်ကယ်အစီး ၄၀နဲ့ ရုပ်မြင်သံကြားစက် ရှစ်လုံး ဝယ်ယူနိုင်တယ်လို့ ကြားသိရပါတယ်။ ဒီတစ်ရွာတည်းတင် မဟုတ်ပါဘူး၊ အခြားကျေးရွာတွေမှာလည်း ပဲတီစိမ်းနဲ့ အဆင်ပြေကုန်ကြပြီ" ဟု မြို့နယ် စိုက်ပျိုးရေး မန်နေဂျာ ဦးကျင်မောင်က ရှင်းပြသည်။

ယခုနှစ်မှာတော့ ကျွန်တော်တို့ နေပြည်တော်တပ်ကုန်းမှာ ပဲတီစိမ်း ၄၇၄၂၇ ဧက စိုက်ပါတယ်။ ပဲတီစိမ်းကို မိုးကျတာနဲ့ စစိုက်ပါတယ်။ စိုက်ပြီး ရက်ပေါင်း ၆၀၊ ၆၅ရက်အကြာမှာ အသီးဆွတ်ခူးနိုင်ပါတယ်။ ပဲတီစိမ်း စိုက်ပျိုးအပြီးမှာ စပါးစိုက်ကြပါတယ်။ ပဲတီစိမ်းသီးများ ဆွတ်ခူး ကောက်ယူအပြီးမှာတော့ တစ်ခင်းလုံးကို ထယ်ထိုးလိုက်ပါတယ်။ ဒီလို ထယ်ထိုး ထယ်မှောက် လုပ်လိုက်တဲ့ အတွက်ကြောင့် ဆွတ်ခူးပြီး အပင်အိုတွေ ဆွေးမြေ့ပြီး သဘာဝ မြေသြဇာ ဖြစ်သွားတာကြောင့် စပါးအထွက်နှုန်းကို ပိုကောင်း စေပါတယ်။ ဒီဒေသမှာ စိုက်တဲ့ ပဲတီစိမ်းမျိုးတွေကတော့ ရေဆင်း၉၊ ရေဆင်း ၅ နဲ့ စိုက်ပျိုး ရေး ၁ဆိုတဲ့ မျိုးများဖြစ်ပါတယ်။ တစ်ဧကကို ပျမ်းမျှ ၁၅ တင်းမှ တင်း၂၀ အထိထွက်ပါတယ်။ ပဲတီစိမ်းကို စပါးအပြီးမှာ ဆောင်းရာသီမှာလည်း အောက်အစိုဓာတ် ကောင်းတဲ့ လယ်မြေတွေမှာစိုက်ကြပါသေးတယ်" ဟု ဦးကျင်မောင်က ဆက်လက်ရှင်းပြသည်။

**ရှောက်ကုန်းကျေးရွာအနီး ယာမြေအတွင်း ဖြစ်ထွန်းလျက်ရှိသော ပဲတီစိမ်း စိုက်ခင်းကို ဤသို့တွေ့ရသည်။**

### စိုက်ပျိုး

ဆက်လက်၍ ကျားသေအိုင်ကျေးရွာမှ ပဲတီစိမ်းစိုက်တောင်သူ ဦးညီညီက "ကျွန်တော်တို့ ကျေးရွာဟာ ပဲတီစိမ်းအများဆုံးစိုက်တဲ့ကျေးရွာတစ်ရွာ ဖြစ်ပါတယ်။ ဒီနှစ်မှာတော့ ကျွန်တော် ၁၅ ဧကလောက် စိုက်ပါတယ်။ မနှစ်က တစ်ဧကတင်း ၂၀ လောက် ထွက်ပါတယ်။ မစိုက်မီ သဘာဝ မြေသြဇာအဖြစ် နွားချေးကို ချပေးရပါတယ်။ ပဲတီစိမ်းကိုလယ်မြေမှာရော ယာမြေမှာပါ စိုက်ပျိုးကြပါတယ်" ဟု ရှင်းပြသည်။



"ပဲတီစိမ်းကို ဒီလိုလယ်မြေမှာရော ယာမြေမှာပါ စိုက်ကြပါတယ်"
ဦးညီညီ
တောင်သူ-
ကျားသေအိုင်ကျေးရွာ။

### အတန်းစိုက်စနစ်

တစ်ဖန် ရှောက်ကုန်းကျေးရွာမှ ပဲတီစိမ်းစိုက်ပျိုးရေး တောင်သူ ဦးကျော်လေးကလည်း "ကျွန်တော် ပဲတီစိမ်းကို ယာမြေမှာ အတန်းစိုက်စနစ်နဲ့ စိုက်ပါတယ်။ ဒီနှစ်မှာတော့ ၁၅ ဧကလောက် စိုက်ပါတယ်။ တစ်ဧကမှာ ပဲတီစိမ်း ရေဆင်း ၉မျိုး သုံးပြည်၊ ထွန်နှစ်ရှည်း၊ နွားချေးနှစ်စီး အသုံးပြုပါတယ်။ အပင်တွေ ပေါက်လာပြီးတဲ့နောက် ကြားထွန် သုံးကြိမ်၊ ပေါင်းတစ်ကြိမ် လိုက်ပေးပါတယ်။ အပင်များ ကြီးလာချိန်မှာတော့ ရွက်ဖျန်းမြေသြဇာအဖြစ် ကောမက်အစိမ်းရောင်ကို ရေ ၁၅ လီတာ ဆံ့ပုံးတစ်ပုံးထဲမှာ စတီးလ်ဇွန်း လေးဇွန်းခန့်ရောပြီး ဖျန်းပက်ပေးပါတယ်။ အပင်ကြီးထွားမှု အားကောင်းစေရန် ဖျန်းပေးခြင်းဖြစ်ပါတယ်။ ဒါ့အပြင် အဆီဖိတ်ပိုးသတ်ဆေးကိုလည်း ဖျန်းပေးပါတယ်။ အပင်များ ကြီးထွားလာပြီး အဖူး ဖူးချိန်မှာတော့ အဖူးထွက်နှုန်း အားကောင်းစေဖို့ ကောမက်အဝါကို ရေနဲ့ဖျော်ပြီး ပက်ဖျန်းပေးပါတယ်။ တစ်ဧကကို လက်ရှိ တစ်တင်းကျပ် ၃၀၀၀၀ ဈေးနဲ့ တွက်မယ်ဆိုရင် အမြတ် ကျပ် သုံးသိန်းဝန်း ကျင်ရနိုင်ပါတယ်" ဟု မြန်မာ့အလင်း သို့ရှင်းပြသည်။

### အရစ်ကျစနစ်

နေပြည်တော်တပ်ကုန်းသည် ပဲတီစိမ်းစိုက်ပျိုးမှုအပေါ် အခြေခံပြီး လူမှုစီးပွား တိုးတက်လာသည့်အလျောက် ခေတ်မီလယ်ယာသုံး စက်ကိရိယာများ ဝယ်ယူသုံးစွဲသူ တောင်သူများ ပိုမိုများပြားလာသည်။ လက်တွန်းထွန်စက် အသုံးပြု ထွန်ယက်လုပ်ကိုင်ခြင်းသည် တောင်သူတို့အနေဖြင့် လုပ်ငန်းပိုမို တွင်ကျယ်၍ ထိရောက်မှု အကျိုးကျေးဇူးကို ရရှိနိုင်သည်။ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးများမှ တစ်ဆင့် မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံမှ ထုတ်လုပ်သော လက်တွန်းထွန်စက်များ တောင်သူများအား အရစ်ကျစနစ်ဖြင့် ရောင်းချပေးလျက်ရှိသည်။



"နေပြည်တော်တပ်ကုန်းမြို့နယ်ဟာ ပဲတီစိမ်း အထူးအောင်မြင်နေတဲ့ မြို့နယ်ဖြစ်ပါတယ်"
ဦးကျင်မောင်
(မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ)။

### လက်တွန်းထွန်စက်

"ကျွန်တော်တို့ နေပြည်တော် တပ်ကုန်းအနေနဲ့ မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံမှ ထုတ်လုပ်တဲ့ လယ်ယာ-၁၆နဲ့ လယ်ယာ-၂၂လက်တွန်းထွန်စက်များ အရစ်ကျရောင်းချပေးလျက်ရှိပါတယ်။ ယခုအခါမှာတော့ ကျွန်တော်တို့ နေပြည်တော်တပ်ကုန်းမှာ လက်တွန်းထွန်စက် ဝယ်ယူအသုံးပြု နိုင်သူ တောင်သူ ၁၅၀ မှ ၂၀၀ ဝန်းကျင်ရှိနေပါပြီ။ ဒီလို လယ်ယာသုံး စက်ကိရိယာများ အသုံးပြုလာနိုင်တာနဲ့အမျှ စိုက်ပျိုးရေးဟာလည်း ပိုမို ဖြစ်ထွန်းလာပါတယ်" ဟု နေပြည်တော် တပ်ကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးမှ ရုံးအုပ်ကြီး ဦးမြင့်သိန်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

### အထူးအောင်မြင်

သို့ဖြစ်ပေရာ နေပြည်တော် တပ်ကုန်းသည် ပဲတီစိမ်းစိုက်ပျိုးရေး အထူးအောင်မြင်နေသဖြင့် တောင်သူတို့ ဝင်ငွေစီးပွား တိုးပွားကာ လူနေမှုဘဝ မြင့်မားလာလျက်ရှိပါကြောင်း ကွင်းဆင်းရေးသားတင်ပြလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**



# သုံးခွမြို့နယ် ကုလားဝဲကျေးရွာ စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနား

## တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်၍ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၅

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၂၄ရက် မွန်းလွဲပိုင်းတွင် ခရမ်းမြို့နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးကာ ခွဲစိတ်ဆောင်နှင့် ဓာတ်မှန်ဆောင်တို့ကို ကြည့်ရှုစစ်ဆေးသည်။**

**ရှင်းလင်းတင်ပြ**

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ရာ တာဝန်ရှိသူတစ်ဦးက ဒေသဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးက အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ တိုင်းမှူးသည် ကွမ်းမိုးဒိန်းစံပြကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲမှ ဆရာ ဆရာမများအား ကျောင်းဝတ်စုံပေးအပ်ပွဲနှင့် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ တာဝန်ရှိသူများနှင့်အတူ ဆုများပေးအပ်ချီးမြှင့်သည်။

**ကြည့်ရှုအားပေး**

ထို့နောက် တိုင်းမှူးသည် အပျိုကြီးတဲစုကျေးရွာ၌ စပေါင်းဓာတ်မြေဩဇာ ကြဲပက်နေမှုကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် သုံးခွအနောက်ကျေးရွာ စပါးမျိုးသန့် စိုက်ပျိုးထုတ်လုပ်မှု နည်းပညာလက်တွေ့ပြသပွဲနှင့် စပေါင်းတမန်းနှိုးပေါင်းလိုက်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးသည် ကုလားဝဲကျေးရွာ စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ တာဝန်ရှိသူတို့နှင့်အတူ စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် စာကြည့်တိုက်အတွက် အလှူငွေ၊ သွပ်ချပ်များနှင့် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းပြီး စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဝါဆိုမိုး

၂၅-၇-၂၀၁၀

| | |
|---|---|
| သံတွဲမြို့ | ၅ ဒသမ ၉၄ လက်မ |
| လောင်းလုံမြို့ | ၅ ဒသမ ၆၃ လက်မ |
| မာန်အောင်မြို့ | ၄ ဒသမ ၃၇ လက်မ |
| တောင်ကုတ်မြို့ | ၃ ဒသမ ၉၈ လက်မ |
| မောင်တောမြို့ | ၃ ဒသမ ၇၈ လက်မ |
| ရေးမြို့ | ၃ ဒသမ ၇၄ လက်မ |
| ကျောက်ဖြူမြို့ | ၃ ဒသမ ၆၂ လက်မ |
| ပေါင်မြို့ | ၃ ဒသမ ၅၄ လက်မ |
| ကျိုက်မရော | ၃ ဒသမ ၅၁ လက်မ |

## နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း မော်လ်ဒိုက်ဗ် နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် ဇူလိုင် ၂၆**

၂၀၁၀ခုနှစ် ဇူလိုင် ၂၆ရက်တွင် ကျရောက်သော မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ၏ (၄၅)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ အာမက်ရှာဟစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**



## ငါးလုပ်ငန်းဆိုင်ရာ သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၂၅**

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနနှင့် မြန်မာနိုင်ငံ ရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းဖွင့်လှစ်ခဲ့သော Food Safety & Quality Control of Fish and Fishery Products (1/2010) သင်တန်းဆင်းပွဲ အခမ်းအနားကို ဇူလိုင် ၂၃ရက် နံနက်ပိုင်းက ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမဆောင်၌ ကျင်းပရာ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေး တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

**တက်ရောက်**

ထို့နောက် ညွှန်ကြားရေးမှူးချုပ်က သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ အဆိုပါ သင်တန်းသို့ ငါး၊ ပုစွန် ပြုပြင်ထုတ်လုပ်သည့် အအေးခန်း စက်ရုံများမှ ဝန်ထမ်း ၃၁ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အခြေခံကျန်းမာရေးဝန်ထမ်းများအတွက် သင်ကြားရေးလက်စွဲစာအုပ် အသုံးပြုနည်း သင်တန်းဖွင့်

**နေပြည်တော် ဇူလိုင် ၂၅**

ကျန်းမာရေး ဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ပြည်သူ့ကျန်းမာရေးဌာနက ဦးစီး၍ JICA BHS Project အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်သည့် သင်ကြားရေးလက်စွဲစာအုပ် အသုံးပြုနည်း သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၀ရက် နံနက် ၉နာရီက နေပြည်တော်ရှိ ကျန်းမာရေး ဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပရာ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သိန်းသိန်းဌေးက အဖွင့်အမှာစကား ပြောကြားသည်။

**ရည်ရွယ်ဖွင့်လှစ်**

အဆိုပါ သင်တန်းကို ပြည်နယ်၊ တိုင်းနှင့် မြို့နယ်သင်ကြားရေးအဖွဲ့ဝင်များ သင်ကြားရေးဆိုင်ရာ အရည်အသွေး မြင့်မားလာစေရေးအတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းသို့ ပြည်နယ်နှင့်တိုင်း ရှစ်ခုနှင့် မြို့နယ် ရှစ်မြို့နယ်တို့မှ သင်ကြားရေးအဖွဲ့ဝင်များ စုစုပေါင်း သင်တန်းသား ၄၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ သုံးရက်ကြာမြင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မုတ်သုံလေ အားအသင့်အတင့်ရှိမည်

နေပြည်တော် ဇူလိုင် ၂၅

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းတွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကချင်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ဒေသအလိုက်နှင့် ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ယနေ့မြန်မာစံတော်ချိန် ၁၂နာရီခွဲ တိုင်းထွာချက်အရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

**ဇူလိုင် ၂၆ရက် ညနေအထိခန့်မှန်းချက်မှာ** ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ ရှမ်းပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပြီး ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

**နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင်** ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

## အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲ (၂၀၁၀)၌ အိပ်ရာအခမ်းအနား အသုံးအဆောင်များ ပြသ

**ရန်ကုန် ဇူလိုင် ၂၅**

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲ (၂၀၁၀)ကို ဇူလိုင် ၂၄ရက်မှ ၂၇ရက်အထိ ခင်းကျင်းပြသလျက်ရှိသည်။

ပြပွဲလာပရိသတ်များအတွက် HTOO GROUP OF COMPANIES လက်အောက်ရှိ Aureum Palace Hotel Resorts မှ စားသောက်ဖွယ်ရာများကို အဖိုးနှုန်းချိုသာစွာဖြင့် တည်ခင်းရောင်းချလျက်ရှိသည်။

**ဆက်သွယ်ဝယ်ယူနိုင်**

ထို့ပြင် Nat Ray Co., Ltd. မှ Massimo Luxury Leather ဆိုဖာများကို အထူးခင်းကျင်းပြသထားပြီး ကုန်ပစ္စည်းသစ်မိတ်ဆက်ပွဲအနေဖြင့် ဝယ်ယူသုံးစွဲသူများအား အထူးလျှော့ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။ ထို့အတူ Dunlopillo တံဆိပ် မွေ့ရာများနှင့် Aussino အိပ်ရာအခမ်းအနား အသုံးအဆောင်ပစ္စည်းတို့ကိုပါ ခင်းကျင်းပြသ ရောင်းချပေးလျက်ရှိသည်။ ပြပွဲအပြီးတွင် Bed Talk Furniture အမှတ် ၁၃၆ ဗိုလ်မြတ်ထွန်းလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၉၇၅၈၅နှင့် ၂၀၁၆၂၀တို့သို့ ဆက်သွယ် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ကမ္ဘာတစ်လွှားထူးခြားဆန်းပြား

ကိုသစ္စာ - ရေးသားသည်

## ကမ္ဘာ့အကြီးဆုံး နံနက်စာခင်းကျင်းမှု

*တူရကီနိုင်ငံ စားဖိုမှူးများဖောင်ဒေးရှင်းမှ စားဖိုမှူးများစုပေါင်းပြီး ကမ္ဘာ့ပေါ်တွင် အကြီးမားဆုံး နံနက်စာခင်းကျင်းမှုတစ်ရပ်ကို ပြုလုပ်ခဲ့ကြသည်။*

*ပန်းကန်*

*ပုလင်းပုံသဏ္ဌာန်ဒီဇိုင်းပြုလုပ်ထားသော စားပွဲကြီးပေါ်၌ နံနက်စာ ပန်းကန်ပေါင်း ၁၅၁၅ချပ်ကို ခင်းကျင်းကာ အသီးအရွက်နှင့် အသားများ ပါရှိသော နံနက်စာကို ပန်းကန်များတွင်ထည့်ကာ အထူးဖိတ်ကြားထားသူများအား တည်ခင်းခဲ့ခြင်းဖြစ်သည်။ (အောက်ပုံ)*



*စံချိန်တင်*

*ယခင်က ကမ္ဘာ့အကြီးဆုံး နံနက်စာခင်းကျင်းမှုမှာ နံနက်စာ ပန်းကန် အရေအတွက် အချပ် ၅၁၀သာရှိခဲ့သဖြင့် ယခု ပန်းကန်အရေအတွက်မှာ ကမ္ဘာ့စံချိန်တင်နိုင်ခဲ့သည်။ ယခု နံနက်စာများကို စားဖိုမှူး ၅၀တို့က စုပေါင်းချက်ပြုတ်ကာ ခင်းကျင်းတည်ခင်းခဲ့ခြင်းဖြစ်သည်။ ။*

*(အင်တာနက်)*

## မူလတန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းပွဲ နွားထိုးကြီးမြို့နယ် သမင်ဘောကျေးရွာ၌ ကျင်းပ

**နွားထိုးကြီးမြို့နယ် သမင်ဘောကျေးရွာ၌ Family United Power Co., Ltd. က လှူဒါန်းသည့် ကျောင်းဆောင်သစ်ကို တွေ့ရစဉ်။** (သတင်းစဉ်)



ရန်ကုန် ဇူလိုင် ၂၅

**မန္တလေးတိုင်း မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် သမင်ဘောကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်လှူဒါန်းပွဲကို ဇူလိုင် ၁၈ရက်က အဆိုပါ ကျောင်းဆောင်သစ်ခန်းမ၌ ကျင်းပသည်။**

**တက်ရောက်**

အခမ်းအနားသို့ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးနှင့် ဆရာမများ၊ ဖိတ်ကြားထားသူများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများ၊ အလှူရှင် Family United Power Co.,Ltd. မန်နေဂျင်းဒါရိုက်တာ ဦးအောင်တင်စိုးနှင့် မိသားစုများ၊ ကုမ္ပဏီမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပေးအပ်**

အခမ်းအနားတွင် Family United Power Co., Ltd. မှ တာဝန်ရှိသူတစ်ဦးက လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းပြောကြားပြီး ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူးထံ ပေးအပ်သည်။

**ထည့်ဝင်လှူဒါန်း**

အဆိုပါ ကျောင်းဆောင်သစ်သည် အလျား ပေ ၉၀၊ အနံပေ ၃၀ အုတ်ညှပ် တစ်ထပ်ကျောင်းဆောင်ဖြစ်ကာ ကုန်ကျငွေ ကျပ်သိန်း ၁၅၀ ဖြစ်သည်။ Family United Power Co., Ltd. သည် ၂၀၀၉ခုနှစ်တွင် နွားထိုးကြီးမြို့နယ် မြေခြားကျေးရွာ၌ တစ်ထပ်မူလတန်းကျောင်းဆောင်သစ် တစ်ဆောင်ကို ငွေကျပ် ၁၁၂သိန်းဖြင့် လည်းကောင်း၊ ၂၀၀၈ခုနှစ်တွင် လားရှိုးမြို့ မန်စူကျေးရွာ ၁၂ရပ်ကွက်၌ တွဲဖက်အလယ်တန်းကျောင်း နှစ်ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ရာတွင် အလှူငွေကျပ် သိန်း ၁၅၀ကို လည်းကောင်း ထည့်ဝင်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

သင့်သွေးဖြင့် အသက်ကယ်ပါ

# ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့

## ဦးကြိုင်မြင့် (ဆူးလေ)

မြန်မာ့ရိုးရာ ၁၂လရာသီအနက် ဝါဆိုလပြည့်နေ့ကို ဓမ္မစကြာအခါတော်နေ့ အထိမ်းအမှတ်အဖြစ် ဗုဒ္ဓဘာသာဝင် မြန်မာတို့ သတ်မှတ်ကျင်းပကြပါသည်။ ဗုဒ္ဓရှင်တော် ဂေါတမမြတ်စွာဘုရားသည် မဟာသက္ကရာဇ် ၁၀၃ခုနှစ်၊ ဝါဆိုလပြည့်နေ့ နေဝင်လထွက်အချိန်၌ "အရှင်ကောဏ္ဍည၊ အရှင်ဝပ္ပ၊ အရှင်ဘဒ္ဒိယ၊ အရှင်မဟာနာမ်၊ အရှင်အဿဇိ ပဉ္စဝဂ္ဂီငါးဦးတို့ကို ဘုရားဖြစ်တော်မူကြောင်း ဝန်ခံ၍ ဓမ္မစကြာတရားတော်ကို အိန္ဒိယနိုင်ငံ ဗာရာဏသီပြည် မိဂဒါဝုန်တောဝယ် ဟောကြားတော်မူပါသည်။

ဓမ္မစကြာတရားတော်သည် ဝိနည်းမဟာဝါပါဠိတော်၌ "ပဉ္စဝဂ္ဂိယကထာ အမည်ဖြင့်လာရှိပြီး ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်၌ "ဓမ္မစက္က ပဝတ္တနဝါ" အမည်ဖြင့် လာရှိကာ မဟာဝဂ္ဂသံယုတ်ပါဠိတော်၌ "ဓမ္မစက္က ပဝတ္တနသုတ္တ" အမည်ဖြင့် လာရှိပါသည်။

ဓမ္မစကြာတရားတော်သည် သစ္စာလေးပါး မြတ်တရားကို ညွှန်းဆိုသော ဒေသနာတော်ဖြစ်၍ ပိဋကတ်သုံးပုံ၏ အနှစ်ချုပ်တရားဟု အထကထာဆရာကြီးများက ညွှန်းဆိုကြပါသည်။

ဓမ္မစက္ကပဝတ္တန၏ အဓိပ္ပာယ်မှာ "တရားတည်းဟူသော စက်ကို ဖြစ်စေခြင်း၊ လည်စေခြင်း" ဟု အဓိပ္ပာယ်ရပါသည်။ (ဓမ္မစက္က=တရားတော်+ ပဝတ္တန=ဖြစ်စေခြင်း၊ လည်စေခြင်း)

ဂေါတမဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ခြောက်နှစ်တာ ကာလပတ်လုံး လူသာမန်တို့ ကျင့်ဖို့ရာ ခဲယဉ်းလှသည့် ဒုက္ကရစရိယာအကျင့်မြတ်ကို ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်ခဲ့ရာ နောက်ဆုံး၌ မဇ္ဈိမပဋိပဒါဟုခေါ်သည့် အလယ်အလတ် အကျင့်တရားလမ်းစဉ်ကို တွေ့မြင်ပြီး ကာမအာရုံခံစားမှု လက်ယာအစွန်းနှင့် အတ္တဘော ပင်ပန်းစေသည့် လက်ဝဲအစွန်းတည်းဟူသော အစွန်းတရား နှစ်ပါးကို ရှောင်ကြဉ်ကာ သစ္စာလေးပါးမြတ်တရားကို သိမြင်တော်မူပါသည်။ "ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂ" ဟူသော ထိုသစ္စာလေးပါး မြတ်တရားသည် ဓမ္မစကြာတရားတော်ပင် ဖြစ်ပါသည်။ ဓမ္မစကြာတရားတော်သည် မြတ်ဗုဒ္ဓ၏ တိကျခိုင်မာသော သဘောတရားကို ထင်ရှားစွာ တွေ့မြင်နိုင်ပါသည်။ ရှင်တော်မြတ်ဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ဖြည့်ကျင့်ဆည်းပူးခဲ့သည့် ပါရမီတော်အဟုန်တို့ကြောင့် ရရှိခဲ့သည့် သဗ္ဗညုတဉာဏ်တော်စွမ်းအားဖြင့် ဓမ္မစကြာတရားတော်ကို ဟောဖော်ညွှန်ပြခဲ့ခြင်း ဖြစ်ပါသည်။

ဘုရားရှင်ကိုယ်တော်မြတ်သည် ထိုးထွင်း၍ သိတော်မူအပ်သော သစ္စာလေးပါးကို မြင်တတ်သော၊ ပညာမျက်စိကို ပြုတတ်သော၊ သစ္စာလေးပါးကို သိခြင်းကို ပြုတတ်သော၊ အကြင်အလယ်အလတ်ဖြစ်သော၊ အကျင့်သည် ကိလေသာငြိမ်းခြင်းတည်းဟူသော သဥပါဒိသေသနိဗ္ဗာန် အကျိုးငှာ သစ္စာလေးပါးကို ထူးသောဉာဏ်ဖြင့် သိခြင်းငှာ၊ သစ္စာလေးပါးကို ကောင်းစွာ သိခြင်းငှာ၊ အနုပါဒိသေသ နိဗ္ဗာန်အကျိုးငှာဖြစ်၏။ ထိုအလယ်အလတ် အကျင့်သည် အဘယ်နည်းဟု သိသာထင်ရှားစွာ ဟောဖော်ညွှန်ပြတော်မူပါသည်။

(၁) သမ္မာဒိဋ္ဌိ = ကောင်းစွာမြင်ခြင်း
(၂) သမ္မာသင်္ကပ္ပ = ကောင်းစွာကြံခြင်း
(၃) သမ္မာဝါစာ = ကောင်းစွာဆိုခြင်း
(၄) သမ္မာကမ္မန္တ = ကောင်းစွာပြုခြင်း
(၅) သမ္မာအာဇီဝ = ကောင်းစွာအသက်မွေးခြင်း
(၆) သမ္မာဝါယမ = ကောင်းစွာအားထုတ်ခြင်း
(၇) သမ္မာသတိ = ကောင်းစွာအောက်မေ့ခြင်း
(၈) သမ္မာသမာဓိ = ကောင်းစွာတည်ကြည်ခြင်း

ဤအကျင့်မြတ်သည်ကား အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသည့် မဂ္ဂင်တရားမြတ်ဖြစ်ကြောင်း ဟောကြားတော်မူပါသည်။

ထိုမှတစ်ဖန် ရှင်တော်မြတ်ဘုရားသည် ဇာတိ ပဋိသန္ဓေနေရခြင်းဆင်းရဲ၊ အိုမင်းရင့်ရော်ရခြင်းဆင်းရဲ၊ ဖျားနာရခြင်းဆင်းရဲ၊ သေရခြင်းဆင်းရဲ၊ မချစ်မနှစ်လိုအပ်သော သတ္တဝါသင်္ခါရတို့နှင့် ကွေကွင်းရခြင်းဆင်းရဲ၊ ချစ်ခင်နှစ်လိုအပ်သော သတ္တဝါသင်္ခါရတို့နှင့် ကွေကွင်းရခြင်းဆင်းရဲ၊ ပဋိသန္ဓေနေရခြင်းဆင်းရဲ၊ ခန္ဓာငါးပါးတို့၏ဆင်းရဲ စသော ဇာတိသဘောတရားသည် ဒုက္ခဖြစ်သော အရိယာတို့၏သိအပ်သော သစ္စာမည်၏ဟူ၍ ဒုက္ခသစ္စာကို ဟောကြားတော်မူပါသည်။

ပဉ္စဝဂ္ဂီရဟန်းတို့အား တဏှာလောဘသည် တစ်ဖန်ဘဝသစ်ကို ဖြစ်စေတတ်၏။ နှစ်သက်ခြင်း၊ တပ်မက်ခြင်းနှင့်တကွ ဖြစ်၏။ ထိုထိုဘဝ ထိုထိုအာရုံ၌ အလွန်နှစ်သက်တတ်၏။ ဤတဏှာဟူသည် အဘယ်နည်း။

(၁) ကာမတဏှာ = ရူပါရုံစသောဝတ္ထုကာမကို တပ်မက်သောတဏှာ။
(၂) ဘဝတဏှာ = သဿတဒိဋ္ဌိနှင့်တကွဖြစ်သော တဏှာ။
(၃) ဝိဘဝတဏှာ = ဥစ္ဆေဒဒိဋ္ဌိနှင့်တကွဖြစ်သော တဏှာ။

ဟူ၍ ဤတဏှာဟူသောသဘောတရားသည် ဒုက္ခအကြောင်းဖြစ်သော အရိယာတို့သိအပ်သော သစ္စာမည်၏ဟု **သမုဒယသစ္စာ**အကြောင်းကို ဟောကြားတော်မူပါသည်။

ထိုတဏှာလောဘ၏ အကြွင်းမဲ့တပ်မက်ခြင်းကင်းရာ၊ ချုပ်ရာဖြစ်သော နိဗ္ဗာန်သည်ရှိ၏၊ စွန့်ရာဖြစ်သော နိဗ္ဗာန်သည်ရှိ၏၊ ဝေးစွာစွန့်ရာဖြစ်သော နိဗ္ဗာန်သည်ရှိ၏၊ လွတ်ရာဖြစ်သော နိဗ္ဗာန်သည်ရှိ၏၊ ကပ်ငြိခြင်းကင်းရာဖြစ်သော နိဗ္ဗာန်သည်ရှိ၏၊ ဤနိဗ္ဗာန်ဟူသော သဘောတရားသည် ဒုက္ခ၏ ချုပ်ရာဖြစ်သော အရိယာတို့သည် သိအပ်သော သစ္စာမည်သော **နိရောဓသစ္စာ**ကို ဟောကြားတော်မူပါသည်။

**မဂ္ဂသစ္စာ**နှင့်စပ်၍ မဂ္ဂင်ရှစ်ပါး အကျင့်တရားသည်သာလျှင် ဒုက္ခ၏ ချုပ်ရာနိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ဖြစ်သော အရိယာတို့ သိအပ်သော သစ္စာမည်၏ဟု ဟောကြားတော်မူပါသည်။

ဒုက္ခသစ္စာ၌ သစ္စဉာဏ်၊ ဒုက္ခသစ္စာ၏ ကိစ္စဉာဏ်၊ ဒုက္ခသစ္စာ၌ ကတဉာဏ်

သမုဒယသစ္စာ၌ သစ္စဉာဏ်၊ သမုဒယသစ္စာ၌ ကိစ္စဉာဏ်၊ သမုဒယသစ္စာ၌ ကတဉာဏ်

နိရောဓသစ္စာ၌ သစ္စဉာဏ်၊ နိရောဓသစ္စာ၌ ကိစ္စဉာဏ်၊ နိရောဓသစ္စာ၌ ကတဉာဏ်

မဂ္ဂသစ္စာ၌ သစ္စဉာဏ်၊ မဂ္ဂသစ္စာ၌ ကိစ္စဉာဏ်၊ မဂ္ဂသစ္စာ၌ ကတဉာဏ် စသည့်ဘုရားမဖြစ်မီ ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူသည့် နိဗ္ဗာန်ကို မျက်မှောက်ပြုရာ သစ္စာတရားတို့ကို ဟောကြားတော်မူပါသည်။

ဤသစ္စာလေးပါးတို့၌ ဤသို့သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်အားဖြင့် သုံးပါးသော အပြန်ရှိသော သုံးပါးလေးလီဖြစ်၍ တစ်ဆယ့်နှစ်ပါးသော အခြင်းအရာရှိသော ဟုတ်မှန်တိုင်းဖြစ်သော ဉာဏ်အမြင်သည် ငါ့အား အလွန်သန့်ရှင်းစင်ကြယ်၏။ လူနှင့်တကွ သတ္တလောက၌ အတုမရှိသော အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်ကို ထိုးထွင်းသိမြင်တော်မူပြီး၍ ဘုရားဖြစ်ကြောင်း ဝန်ခံတော်မူပါသည်။

ဝါဆိုလပြည့်နေ့သည် ထူးခြားသည့်အကြောင်းအရာများရှိပါသည်။

- ဂေါတမဘုရားအလောင်း ပဋိသန္ဓေနေသောနေ့ဖြစ်ခြင်း၊
- ဂေါတမဘုရားအလောင်း သိဒ္ဓတ္ထမင်းသား တောထွက်တော်မူသောနေ့ဖြစ်ခြင်း၊
- ဓမ္မစကြာတရားဦးကို စတင်ဟောတော်မူသောနေ့ဖြစ်ခြင်း၊
- ရေမီးအစုံစုံတို့ဖြင့် တန်ခိုးပြာဋိဟာကိုပြတော်မူသောနေ့ဖြစ်ခြင်း၊
- ဘုရားအဖြစ်ကို ဝန်ခံတော်မူသောနေ့ဖြစ်ခြင်း၊
- တရားရတနာ စတင်ပေါ်ပေါက်သောနေ့ဖြစ်ခြင်း၊
- သံဃာရတနာ စတင်ပေါ်ပေါက်သောနေ့ဖြစ်ခြင်း၊
- "ဧဟိဘိက္ခု" ဟူသောစကားကို စတင်ကြားရသောနေ့ဖြစ်ခြင်း

တို့ဖြစ်ပါသည်။

ဂေါတမဗုဒ္ဓရှင်တော်မြတ်ဘုရား ဟောကြားတော်မူသည့် ဓမ္မစကြာတရားတော်ကို နာကြားရသည့် ပဉ္စဝဂ္ဂီငါးဦးတို့သည် ဝါဆိုလပြည့်နေ့တွင် အရှင်ကောဏ္ဍည၊ ဝါဆိုလပြည့်ကျော်(၁)ရက်နေ့တွင် အရှင်ဝပ္ပ၊ ဝါဆိုလပြည့်ကျော်(၂)ရက်နေ့တွင် အရှင်ဘဒ္ဒိယ၊ ဝါဆိုလပြည့်ကျော်(၃)ရက်နေ့တွင် အရှင်မဟာနာမ်၊ ဝါဆိုလပြည့်ကျော် (၄)ရက်နေ့တွင် အရှင်အဿဇိ မဟာထေရ်မြတ်ကြီးများ အသီးသီး သောတာပန်ဖြစ်တော်မူပြီး တရားထူး၊ တရားမြတ်ကို ရရှိတော်မူကြပါသည်။

ထိုနေ့ထူးနေ့မြတ် ဝါဆိုလပြည့်နေ့တွင် ရဟန်းရှင်လူ များပြည်သူတို့သည် ဘုရားစေတီ၊ ဘုန်းတော်ကြီးကျောင်း၊ ဓမ္မာရုံစသည်တို့တွင် ဝတ်အသင်းများ၊ ဓမ္မစကြာအသင်းများက **ဓမ္မစကြာတရားတော်**ကိုပူဇော်ခြင်းဖြင့် **"ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့"** အခမ်းအနားများကို ကျင်းပကြပါသည်။

ကျွန်ုပ်တို့သည် ဘာသာတရားကို အလေးအမြတ်ပြုအပ်သည်။ မြတ်စွာဘုရားရှင်ကို ယုံကြည်စွာ ကိုးကွယ်ဆည်းကပ်အပ်သည်။ ဘုရားဟော တရားဒေသနာများကို လိုက်နာကျင့်သုံးအပ်သည်။ သံဃာတော်အရှင်သူမြတ်များကို ယုံကြည်အားထား ကိုးကွယ်အပ်သည်။ ယနေ့ကမ္ဘာကြီးသည် နည်းပညာများဖြင့် လျင်မြန်စွာတိုးတက်ပြောင်းလဲနေသည်။ တစ်ဖက်က ရာသီဥတုများ ဖောက်ပြန်ပျက်စီးနေသည်။ လူသားတို့၏ လောဘ၊ ဒေါသ၊ မောဟတရားများ ဖုံးလွှမ်း၍ ကမ္ဘာကြီးတွင် ဖောက်ပြန်ပျက်စီးနေရသည်။ ဘေးအန္တရာယ်ဆိုးတို့ကို ရင်ဆိုင်နေကြရသည်။

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့သည် ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ တရားဓမ္မများကို လိုက်နာကျင့်သုံး ဆောက်တည်ခြင်းဖြင့် ဘေးဆိုး၊ အန္တရာယ်ဆိုး၊ ကပ်ကြီးသုံးပါးမှ ကျော်လွှားလွန်မြောက်၍ မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာမြတ်ကိုရနိုင်အောင် ကြိုးပမ်းအားထုတ်နိုင်ကြပါစေကြောင်း ဆုတောင်းပတ္ထနာပြုအပ်ပါသည်။ ။

**စိတ္တံ့ရက္ခေထ မေဓာဝီ၊ စိတ္တံ့ ဂုတ္တံ့ သုခါဝဟံ။**

## ဝါဆိုလပြည့် ဓမ္မစကြာနေ့

* လောင်းလျာစန္ဒေ၊ သန္ဒေတောထွက်
ဓမ္မစကြာ၊ ဒေသနာမြွက်
ပုန်းညက်ကြာခိုင်၊ ပျံ့လှိုင်ကြိုင်သင်း
ပဋ္ဌင်းတော်ပွဲ၊ ဝှဲချီးကျင်းပ
ဝါဆိုလခါ၊ ဖြူဖွာနက္ခတ်
ကရကဋ်ရာသီ၊ ဆင်တာရာကြည်ရွှန်း
တင့်ထွန်းဝင်းပ၊ ဗုဒ္ဓအမွေ
ရွှန်းဝေဖြာလှစ်၊ ဝေသန္တလျှင်
ကြည်လင်သာမော၊ တောမိဂဒါဝုန်
ရဂုံကြိုင်လျှမ်း၊ စုံမြိုင်နန်းတွင်
ပဉ္စဝဂ္ဂီ၊ ငါးလီထေရ်အား
တရားဦးမွှန်၊ ဟောလှစ်ညွှန်ပြ
မဇ္ဈိမ ၊ ပဋိပဒါ၊ သစ္စာလေးဝ
ဒုက္ခ ၊ သမုဒယ၊ နိရောဓနှင့်
မဂ္ဂတစ်ဖန်၊ မှန်တရားတို့
လက်ဖဝါးတွင်၊ ပတ္တမြားတင်အလား
ထင်ရှားပေါ်လွင်၊ မြင်သာအောင်ပြ
လောကသုံးသွယ်၊ ဝဋ်ပင်လယ်မှ
လွတ်လွယ်စေရာ၊ ဖြပ္ပာနတ်လူ
ကျွတ်ဆုယူလျက်၊ ဓမ္မစကြာ
ချိန်အခါကျ၊ ဓမ္မပူဇာ
ဒေသနာကို၊ ဘာဝနာသဘော
အာရုံစောညွှတ်၊ ပူဇော်ဝပ်တွား
ကြည်ညိုအားဖြင့်၊ ရွတ်ပွားသရဇ္ဈာယ်ကြပါကုန်....။ ။

**ဦးအောင်မွန် (မဟာဝိဇ္ဇာ)**

## မြန်မာ့ရုပ်မြင်သံကြား

၁၃၇၂ ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့ (ဥပုသ်နေ့) ၂၆-၇-၂၀၁၀ (တနင်္လာနေ့)

**နံနက်ပိုင်း**

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇း၂၀ ၂။ နံနက်ခင်းသတင်း
၇း၄၀ ၃။ မြတ်ဂုဏ်တော်သခင် သန်းမြတ်စိုး (တေးရေး-မောင်မောင်လတ်)
၇း၄၅ ၄။ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ (အဖွဲ့ဝင်) ပဲခူးတိုင်း (အရှေ့ပိုင်း) ဒိုက်ဦးမြို့ လက်ပံတန်းကျောင်းဆရာတော် ဘဒ္ဒန္တသောဘိတ ဟောကြားတော်မူသော ဓမ္မစကြာအခါတော်နေ့တရားတော်
၈း၁၅ ၅။ ဓမ္မပူဇာတေးအစီအစဉ်
၈း၄၀ ၆။ International News
၈း၄၅ ၇။ Islands Of Dhamma
၈း၅၀ ၈။ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ(အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ) ဥက္ကဋ္ဌဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဗန်းမော်ကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း ထံမှ နဝင်္ဂဥပေါသထသီလ ခံယူတည်ဆောက်ခြင်း

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ ရန်ကုန်တိုင်း၊ အမှတ်(၃) အခြေခံ ပညာဦးစီးဌာန ဆင္ဆမအကြိမ် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (ပထမဆု)(အထက-၁သန်လျင်) (အမျိုးသားဝတ်ရွတ်အဖွဲ့)
၄း၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ စတုတ္ထနှစ် (ဥပဒေပညာ အထူးပြု) (ဥပဒေပညာ)
၄း၅၀ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄း၅၅ ၅။ ဝါဆိုလာဘွဲ့တေးများ
၅း၀၅ ၆။ ဝါဆိုမိုးဆမ်းကန်တော့ပန်း (တိပိဋကနိကာယ ဥပဋ္ဌာက အနုပညာအဖွဲ့)
၅း၁၅ ၇။ စစ်ကိုင်းဂုဏ်တင် ဆွမ်းဦးပုညရှင်
၅း၃၀ ၈။ မြန်မာတေးသံရှင်ရွေးချယ်ပွဲ
၆း၀၀ ၉။ ညနေခင်းသတင်း
၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၁။ မြေကမ္ဘာမှတ်တမ်း
၆း၃၀ ၁၂။ ဆိုကြမယ်၊ ပျော်ကြမယ်
၇း၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **မဟာဆန်သူ... ကိုယ့်ချစ်သူ** (အပိုင်း-၂)
၈း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ တို့လက်တွေတွဲထား (Mဆိုင်း၊ တေးရေး-စိုးသီဟ (ရောင်စဉ်လှိုင်း)
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **အဆိပ်သင့်တဲ့အချစ်** (ဒုတိယပိုင်း) (အပိုင်း-၁၂)
၁၉။ သုခုမရင်ပြင်
၂၀။ သီတဂူဆရာတော် ဘဒ္ဒန္တ ဉာဏိဿရ၏ ဓမ္မစကြာတရားတော်
၂၁။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်




# ဗလငါးတန် ဖွံ့ဖြိုးဖို့
# စာအုပ်စာပေ လေ့လာစို့


## ကြီးကြပ်ဆောင်ရွက်

ဒေးဒရဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း ဈေးမီးဘေးလုံခြုံရေးအတွက် လျှပ်စစ်ဝိုင်ယာကြိုးများ သွယ်တန်းမှု စနစ်တကျဖြစ်စေရန် ဆောင်ရွက်နေမှုကို ဇူလိုင် ၁၃ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဇော်လင်း၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးစိုးမြင့်လွင်၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှူး ဦးထွန်းရီနှင့် ဈေးမိဈေးဖများက ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

26-7 (10).pmd 1 7/26/2010, 1:51 AM

# ဗဟုသုတရှာရင်း နှစ်သက်ရာဝယ်ယူနိုင်ဖို့ အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲသွားကြစို့

➤ သတင်းမြင်ကွင်း - ဝင်းကျော် ➤ ဓာတ်ပုံမှတ်တမ်း - မြန်မာ့အလင်း ➤ စာမျက်နှာဖွဲ့စည်းမှု - ခင်သန္တာသိန်း (မြန်မာ့အလင်း)

**ရန်ကုန် ဇူလိုင် ၂၅**

အတတ်ပညာ၊ နည်းပညာများ ဖွံ့ဖြိုးတိုးတက်နေသော ယနေ့အချိန်အခါတွင် စီးပွားရေးအခွင့်အလမ်းများ ပွင့်လန်းလာသည်နှင့်အမျှ လူနေမှု အဆင့်အတန်းမြင့်မားရေးကိုဖော်ပြသည့် အိမ်ရာအဆောက်အအုံများကိုလည်း ခေတ်မီလှပသော ဒီဇိုင်းပုံစံများဖြင့် နေရာအနှံ့ တွေ့မြင်နေရသည်။



## ခေတ်မီပရိဘောဂများပြခန်း

ပြပွဲတွင် ခေတ်မီပရိဘောဂများပြခန်းကို တွေ့ရစဉ်။

### ဝယ်ယူနိုင်

ကုန်ပစ္စည်းများကို တစ်နေရာတည်း၌ စုံလင်စွာဖြင့် ပြည်သူများ လေ့လာဝယ်ယူနိုင်ရန် ပြသလေ့ရှိသည့် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲ ၂၀၁၀ဖွင့်ပွဲကို ဇူလိုင် ၂၄ရက်နေ့ နံနက် ၉နာရီခွဲက ကျင်းပရာ မြန်မာ့အလင်း သတင်းအဖွဲ့အနေဖြင့် သတင်းရယူရန် သွားရောက်ခဲ့သည်။

### ခင်းကျင်းပြသ

ပြပွဲခန်းမအတွင်း အိမ်ရာအရောင်းပြခန်းများ၊ ဆောက်လုပ်ရေးသုံးနှင့် အိမ်ဆောက်ပစ္စည်းများ၊ အိမ်အလှဆင်ကြွေပြား၊ ကျောက်ပြား အရောင်းပြခန်းများ၊ အိမ်တွင်းအလှဆင် ပစ္စည်းပြခန်း၊ ကွန်ပျူတာနှင့် အီလက်ထရွန်နစ်ပစ္စည်းပြခန်း၊ ခေတ်မီလှပသော ပရိဘောဂပြခန်းများ၊ အရောင်တင်ဆေး၊ အမိုးဖာဆေးနှင့် သုတ်ဆေးအမျိုးမျိုးအရောင်းပြခန်း၊ ကြမ်းခင်းနှင့် PVC ပိုက်ပြခန်း၊ ရေတိုင်ကီများ၊ ကေဘယ်လ်ကြိုးနှင့် မီးစက်ပြခန်းများ၊ ရေပူရေအေးစက်များ၊ လျှပ်စစ်မီးခလုတ်အမျိုးမျိုးနှင့် Breaker အရောင်းပြခန်းများ၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုးတို့ကို စုံလင်စွာ ခင်းကျင်းပြသထားပြီး ပြပွဲလာပြည်သူများအား အရောင်းဝန်ထမ်းများက ကုန်ပစ္စည်း အမျိုးအစားအလိုက် အသုံးပြုပုံများကို ရှင်းပြပြောဆိုနေသည်ကို တွေ့ရသည်။

### အချိန်မီပေးပို့

အိမ်ရာအဆောက်အအုံများ ဆောက်လုပ်ရာတွင် အခြေခံဆောက်လုပ်ရေးသုံး ပစ္စည်းဖြစ်သည့် သံချောင်းလုံးများကို အဓိက ဖြန့်ဖြူးရောင်းချပေးသည့် K.Y Kyaw Kyaw ထရေးဒင်းကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဦးကျော်ကျော်ဦးနှင့် တွေ့ဆုံ၍ ယခုပြပွဲ၌ ဝင်ရောက်ပြသသည့် ရည်ရွယ်ချက်နှင့် ပတ်သက်ပြီး မေးမြန်းခဲ့ရာ-



ပြခန်းအတွင်း အိမ်တွင်းအလှဆင်ဒီဇိုင်းများကို တွေ့ရစဉ်။

"ကျွန်တော်တို့ကုမ္ပဏီအနေနဲ့ ဒီပြပွဲမှာ ဝင်ရောက်ပြသရခြင်းကတော့ ကုမ္ပဏီအနေနဲ့ (၂၅)နှစ်မြောက် ငွေရတု အထိမ်းအမှတ်အဖြစ် ပထမဆုံးဒီပြပွဲမှာ ပြသတာပါ။ ကျွန်တော်တို့ကုမ္ပဏီက အရည်အသွေးပြည့်မီတဲ့ သံချောင်းလုံးများကို ဈေးနှုန်းမှန်ကန်စွာဖြင့် မှာယူလိုတဲ့ ပစ္စည်းများကို အချိန်မီပို့ပေးခြင်း၊ ငွေပေးချေရာမှာလည်း အရစ်ကျပေးချေနိုင်ခြင်းနဲ့ နယ်မှဝယ်ယူအားပေးသူများကို နယ်သို့အရောက်ပို့ပေးခြင်းစတဲ့ ဝန်ဆောင်မှုများပေးပါတယ်။"

အဆောက်အအုံရဲ့ ခိုင်ခံ့မှု အရည်အသွေး မြင့်မားဖို့အတွက် အဓိကအချက်တစ်ခုဖြစ်တဲ့ သံချောင်းလုံးများကို ကျွန်တော်တို့ကုမ္ပဏီက သုံးစွဲသူတွေအတွက် အရည်အသွေးမှန် ပစ္စည်းများကို ရောင်းချပေးလျက်ရှိပါတယ်" ဟုရှင်းပြသည်။

### ရောင်းချပေး

ရှိုင်းနှင့် Three Friend ဆောက်လုပ်ရေး ကုမ္ပဏီတို့၏ အိမ်ရာအရောင်းပြခန်းများ၌ ဆောက်လုပ်ပြီးအိမ်ရာများ၊ ဆောက်လုပ်ဆဲအိမ်ရာများကို အထူးနှုန်းဖြင့် ဝယ်ယူလိုသူများအား ပုံစံများပြသ၍ ရောင်းချပေးလျက်ရှိသည်ကို တွေ့ရသည်။

### အထူးဈေးနှုန်း

Life Line ကုမ္ပဏီ၏ ဒစ်ဂျစ်တယ်သွေးပေါင်ချိန်စက်ပြခန်း၌လည်း ကျန်းမာရေးအတွက် ပြပွဲလာပြည်သူများကိုယ်တိုင် သွေးပေါင်ချိန်စမ်းသပ်၍ ဝယ်ယူရန် လေ့လာနေသည်ကို တွေ့ရသည်။ ကွန်ပျူတာ အရောင်းပြခန်း၌လည်း နောက်ဆုံးပေါ် ကွန်ပျူတာလက်တော့ပ်များကို အထူးဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိရာ ဝယ်ယူလေ့လာနေသူများဖြင့် စည်ကားနေသည်ကို တွေ့ရသည်။

### အခမဲ့ဖြန့်ဝေ

Yangon City Guide မှ ဝန်ထမ်းများကလည်း ကုမ္ပဏီလုပ်ငန်းလိပ်စာပြရုံဖြင့် ပြပွဲလာပြည်သူများအား လမ်းညွှန်မြေပုံစာအုပ်များကို အခမဲ့ ဖြန့်ဝေပေးနေသည်ကို တွေ့ရသည်။




## အိမ်ရာအဆောက်အအုံပြပွဲ

အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲကျင်းပရာ ခန်းမအတွင်း ပြပွဲလာပြည်သူများအား တွေ့ရစဉ်။

### ဝယ်ယူနိုင်

IEMS ကုမ္ပဏီလီမိတက်က စီစဉ်ကျင်းပသည့် အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲ ၂၀၁၀ကို ဇူလိုင် ၂၄ရက်မှ ဇူလိုင် ၂၇ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၆နာရီအထိ ခင်းကျင်းပြသလျက်ရှိရာ ဗဟုသုတလည်းရှာရင်း ကုန်ပစ္စည်းများ ဈေးသက်သာစွာ ဝယ်ယူနိုင်သည့်အတွက် သွားရောက်လေ့လာသင့်ပါကြောင်း သတင်းမြင်ကွင်း အဖြစ် ရေးသားလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**





## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်း သင်တန်းအမှတ်စဉ် (၄/၂၀၁၀)သင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၅**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဓမ္မစေတီလမ်းရှိ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း၏ သင်တန်းအမှတ်စဉ် (၄/၂၀၁၀) သင်တန်းဆင်းပွဲကို ဇူလိုင် ၂၃ ရက် နံနက် ၁၀နာရီက အဆိုပါကျောင်း ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းလူမှုဝန်ထမ်း ဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်ဖော်မိုး တက်ရောက် အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

### တက်ရောက်

အခမ်းအနားသို့ အိမ်တွင်းမှုကျောင်းမှ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ သင်တန်းသား သင်တန်းသူများက တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် တာဝန်ရှိသူများက သင်တန်းသူ သင်တန်းသား ၂၇၅ဦးအား သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ကြသည်။

### ဖွင့်လှစ်မည်

သင်တန်းအမှတ်စဉ် (၅/၂၀၁၀)ကို ဇူလိုင် ၂၇ရက်တွင်လည်းကောင်း၊ စနေ၊ တနင်္ဂနွေသင်တန်းကို ဇူလိုင် ၃၁ရက်တွင်လည်းကောင်း စတင်ဖွင့်လှစ်မည်ဖြစ်ပြီး စက်ချုပ်ခြင်း၊ အစားအသောက်ပြုလုပ်ခြင်း၊ ဓာတ်ထိုး ပန်းထိုးခြင်း ဘာသာရပ်များကို သင်ကြားမည်ဖြစ်ကြောင်း သိရသည်။ **(အိမ်တွင်းမှုကျောင်း)**

## ကျောင်းကျန်းမာရေး လုပ်ငန်းများ မူဆယ်၌ စစ်ဆေး

**မူဆယ် ဇူလိုင် ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)တွင် ကျန်းမာရေးနှင့်ညီညွတ်သော ကျောင်းပတ်ဝန်းကျင်ဖြစ်စေရန်ရည်ရွယ်၍ မူဆယ်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး ဥက္ကဋ္ဌ ဒေါ်ခင်သန်းမြင့်၊ မူဆယ်မြို့ ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ဒေါက်တာ မြင့်မြင့်ခိုင်၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စန်းရီ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးကြိုင်တို့ ဦးဆောင်သောအဖွဲ့သည် ဇွန် ၁၆ရက် နံနက် ၁၀နာရီက ကျောင်းကျန်းမာရေး လုပ်ငန်းများဖြစ်သော ကျောင်းတွင်းရှိ သောက်သုံးရေများ၊ စားသောက်ဆိုင်များ၊ မုန့်ဆိုင်များ၊ ကျောင်းသုံးအိမ်သာများ သန့်ရှင်းမှု၊ ပတ်ဝန်းကျင်သန့်ရှင်းမှုတို့ကို စစ်ဆေးကြသည်။

**(ခရိုင် ပြန်/ဆက်)**

## အကြမ်းဖက်သောင်းကျန်းသူများ ကျိုင်းတောင်း-မိုးနဲ-နမ့်စန်ကားလမ်းပေါ်ရှိ တံတားသုံးစင်းကို မီးရှို့ဖျက်ဆီး

**နေပြည်တော် ဇူလိုင် ၂၅**

နိုင်ငံတစ်ဝန်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးအတွက် နိုင်ငံတော်က များစွာ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် အကြမ်းဖက်လုပ်ရပ်များ၊ အဖျက်လုပ်ငန်းများကို တစိုက်မတ်မတ် လုပ်ဆောင်လျက်ရှိရာ ဇူလိုင် ၂၁ရက်တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲ့မြို့နယ်၊ ကျိုင်းတောင်း-မိုးနဲ-နမ့်စန် ကားလမ်း ကျိုင်းတောင်းမြို့နှင့် လွယ်အိုင်ရွာအကြားရှိ သစ်သားတံတားသုံးစင်းကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

အဆိုပါ တံတားပျက်စီးရာနေရာများသို့ နယ်မြေခံတပ်နယ်မှ တပ်ဖွဲ့ဝင်များ၊ လမ်း၊ တံတား အင်ဂျင်နီယာများက သွားရောက်၍ တံတားများကို အမြန်ဆုံး ပြန်လည်ပြုပြင်ရန် စီစဉ်လျက်ရှိကြောင်းနှင့် ဒေသတည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည့် အဆိုပါ အကြမ်းဖက်သောင်းကျန်းသူများ၏ အဖျက်လုပ်ရပ်များကို ဒေသခံတိုင်းရင်းသားပြည်သူလူထုအနေဖြင့် စက်ဆုပ်ရွံရှာမုန်းတီးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပဲခူးရိုးမအတွင်းမှ တောဆင်ရိုင်းလေးကောင် လက်ပံတန်း၊ သာယာဝတီ၊ မင်းလှ၊ ဇလွန်နှင့် ဟင်္သာတမြို့နယ်များအတွင်း ဖြတ်သန်းဝင်ရောက်ခဲ့ လူများကို အန္တရာယ်ပြုခြင်း၊ စိုက်ခင်းများကို ဖျက်ဆီးခြင်းမပြုဘဲ အေးချမ်းစွာ ပြန်လည်ထွက်ခွာသွားခဲ့

နေပြည်တော် ဇူလိုင် ၂၅

**ပဲခူးရိုးမအတွင်းမှ တောဆင်ရိုင်းလေးကောင်ပါအုပ်စုသည် ဧရာဝတီမြစ်ကိုဖြတ်ကူးကာ မြစ်အနောက်ဘက်ကမ်း ဇလွန်မြို့နှင့် ဟင်္သာတမြို့ မြို့သူကြီးဘုရားအနီးသို့ ထူးထူးခြားခြား ဝင်ရောက်ခဲ့ကြောင်း သိရှိရသည်။**

ပဲခူးရိုးမအတွင်းမှ အမြင့်၁၁ပေရှိ ဆင်မကြီးတစ်ကောင်၊ အမြင့်ကိုးပေရှိ ဆင်ထီးတစ်ကောင်၊ ဆင်မတစ်ကောင်နှင့် အမြင့်လေးပေရှိ သားပေါက်ဆင်မငယ်တစ်ကောင် စုစုပေါင်း ဆင်လေးကောင်အုပ်စုသည် ဇူလိုင် ၄ရက်မှစ၍ သာယာဝတီမြို့နယ်၊ လက်ပံတန်းမြို့နယ်နှင့် မင်းလှမြို့နယ်များအတွင်း လှည့်လည်ဖြတ်သန်းကာ ဇူလိုင် ၉ရက် ညတွင် ဧရာဝတီမြစ်ကို ဖြတ်ကူးခဲ့ကြောင်း၊ ဇူလိုင် ၁၀ရက် နံနက် ၆နာရီခန့်တွင် ဇလွန်မြို့မြစ်ကမ်းမှ မြို့ပေါ်ရှိ ဆန်တန်းရပ်ကွက်သို့ ရောက်ရှိခဲ့ကြောင်း၊ ထို့နောက် နံနက် ၉နာရီခန့်တွင် ဟင်္သာတမြို့ဘက်သို့ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း၊ ဇူလိုင် ၁၁ရက် နံနက် ၄နာရီခန့်တွင်လည်း ဟင်္သာတမြို့ မြို့သူကြီးဘုရားအနီးသို့ရောက်ရှိခဲ့ပြီး ဘုရားအနီး၌ တစ်နာရီခွဲခန့်ရှိနေခဲ့ကြောင်း၊ နံနက် ၅နာရီခွဲခန့်တွင် ဧရာဝတီမြစ်ကို ဖြတ်ကူး၍ ပဲခူးတိုင်းသာရဝေါဘက်သို့ ဆက်လက်ထွက်ခွာသွားခဲ့ကြောင်း၊ ယင်းနောက် လက်ပံတန်းမြို့နယ်နှင့် မင်းလှမြို့နယ်များကို လှည့်လည်ဖြတ်သန်းပြီး ဇူလိုင် ၁၂ရက် နံနက်ပိုင်းက ပဲခူးရိုးမတောနက်ထဲသို့ ရှေးရှု ထွက်ခွာသွားခဲ့ကြောင်း သိရှိရသည်။

အဆိုပါဆင်အုပ်စုသည် တောဆင်ရိုင်းအုပ်စုပင်ဖြစ်သော်လည်း ထူးခြားစွာပင် ဇလွန်မြို့ ဆန်တန်းရပ်ကွက်သို့ရောက်ရှိပြီး ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန်ဘုရားကြီးကို ဦးခိုက်ပူဇော်ခဲ့သည့်အပြင် လူအများအကြား လှုပ်ရှားသွားလာခဲ့ကြောင်း၊ ပေ ၂၀ခန့်အထိ လူများအကပ်ခံပြီး တစ်စုံတစ်ယောက်ကိုမျှ ရန်လို၊ ရန်ပြုခြင်းမရှိခဲ့ကြောင်း၊ ဟင်္သာတမြို့ မြို့သူကြီးဘုရားအနီး၌လည်း တစ်နာရီခွဲခန့် ပူဇော်ခဲ့ကြောင်း၊ ထို့ပြင် လှည့်လည်သွားလာခဲ့ရာ လမ်းကြောင်းတစ်လျှောက်တွင်လည်း စိုက်ခင်းများကို ဖျက်ဆီးမှုမရှိခဲ့ကြောင်း၊ ထိုသို့တောဆင်ရိုင်းများ ထူးထူးခြားခြား ဝင်ရောက်လာပြီး မည်သူတစ်ဦးတစ်ယောက်ကိုမျှ အန္တရာယ်မပြုဘဲ အေးချမ်းစွာ ပြန်လည်ထွက်ခွာသွားခြင်းသည် လွန်စွာထူးခြားကြောင်း၊ ဒေသခံပြည်သူများက အံ့သြဝမ်းသာ ဝေဖန်ပြောကြားလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ချယ်လ်ဆီးနှင့် လူငယ်တိုက်စစ်မှူးနေမာ

➤ စုစည်းရေးသားသူ - မောင်မောင်မြင့်ဆွေ ➤ စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင် (မြန်မာ့အလင်း)

လန်ဒန် ဇူလိုင် ၂၅

**လာမည့် ပရီမီယာလိဂ်တွင် ဖလားကို ဆက်လက်ကာကွယ်နိုင်ရေးအတွက် ချယ်လ်ဆီးအသင်း ပြင်ဆင်နေပြီဖြစ်သည်။ ချယ်လ်ဆီးတို့ယခုနှစ်၌ တိုက်စစ်ထက်မြက်ရန်အတွက် လူငယ်တိုက်စစ်မှူးများဖြည့်ဆည်းရေးကြိုးစားနေရာ ဘရာဇီးလူငယ်တိုက်စစ်မှူးနေမာကို ခေါ်ယူနိုင်ရေး ကြိုးစားနေပြီဖြစ်သည်။**

### ထိပ်တန်းအဆင့်

ဆန်းတို့စ်ကလပ်တွင် ကစားနေသော နေမာသည် အသက် ၁၈နှစ် အရွယ်သာ ရှိသေးသည်။ အရွယ်နှင့် မလိုက်အောင် ခြေစွမ်းထက်မြက်ပြီး ဂိုးသွင်းအားလည်း ကောင်းသူဖြစ်သည်။ ဆန်းတို့စ်ကလပ်တွင် ဘောလုံးပွဲပေါင်း ၃၀ ကစားပြီးချိန်၌ ဂိုးပေါင်း ၂၇ ဂိုး သွင်းယူထားနိုင်သူဖြစ်ရာ နေမာ၏ ဂိုးသွင်းမှုက ထိပ်တန်းအဆင့်၌ ရှိနေသည်။

### ရောင်းမည်

ချယ်လ်ဆီးတို့က ကနဦး ဈေးပေးမှုမှာ ပြောင်းရွှေ့ကြေး ပေါင် ၁၀သန်းဖြစ်ရာ ဆန်တို့စ်ကလပ်က လက်မခံဘဲ ပယ်ချလိုက်ပြီ ဖြစ်သည်။ နေမာကို ဆန်တို့စ်ကလပ်က အနည်းဆုံး ပြောင်းရွှေ့ကြေးပေါင် သန်း ၂၀ရမှ ရောင်းမည်ဟု ဆိုထားသည်။

### ပြောကြား

ချယ်လ်ဆီးအသင်းက နေမာ ပြောင်းရွှေ့ကြေးကို ဇူလိုင် ၂၃ရက်၌ ပေါင် ၁၈သန်းအထိ တိုးပေးသော်လည်း ဆန်တို့စ်အသင်းက ရောင်းချမည် မဟုတ်ကြောင်း၊ မိမိတို့ ကလပ်သည် ငွေကြေးအကျပ်အတည်းမရှိကြောင်း၊ သို့သော် ထိုက်တန်သည့် ပြောင်းရွှေ့ကြေး ပမာဏသာဖြစ်သင့်ကြောင်း ပြောကြားနေသည်။

### ဆွေးနွေးမည်

ချယ်လ်ဆီးအသင်း၏ တိုက်စစ်တွင် ကျရိုပ်သမ်းနေပြီဖြစ်သည့် ဒရော့ဘာနှင့် အနယ်လ်ကာတို့သာ ဦးဆောင်နေရာ လူငယ်တိုက်စစ်မှူးများကို မဖြစ်မနေ အစားထိုးရမည် ဖြစ်သည်။ ထို့ကြောင့် နေမာကဲ့သို့ လူငယ်တိုက်စစ်မှူးများကို ဖြည့်ဆည်းရမည်ဖြစ်ရာ ဆန်တို့စ်ကလပ်အား ပြောင်းရွှေ့ကြေး ညှိနှိုင်းပြီး ထပ်တိုးပေးရန် ချယ်လ်ဆီးတို့ ဆွေးနွေးမည်ဖြစ်သည်။

### ကျွမ်းကျင်

ဘရာဇီး ဆယ်ကျော်သက်တိုက်စစ်မှူး နေမာသည် ရော်နယ်ဒိုကဲ့သို့ အဆုံးသတ်ဂိုးသွင်းမှု သေချာသူဖြစ်ပြီး ဘောလုံးထိန်းသိမ်းမှုလည်း ကျွမ်းကျင်သူဖြစ်သည်။ ထို့အပြင် ဂိုးရေိယာအတွင်း ပေါက်ကွဲစွာ ထိုးဖောက်ဖြတ်ကျော် ဂိုးသွင်းနိုင်သူတစ်ဦးလည်း ဖြစ်သည်။ ထို့အတူ ရော်နယ်ဒင်ဟိုကဲ့သို့လည်း ဘောလုံးကို ထိန်းသိမ်းနိုင်မှုနှင့် ကွင်းလယ် တိုက်စစ်နေရာများတွင် အားထားရသူဖြစ်သည်။ ကစားဖော်များ ဂိုးသွင်းယူနိုင်ရန်လည်း တိကျ ထိရောက်စွာ ကူညီပေးနိုင်သူဖြစ်သည်။

### ထုတ်ပေးထား

ချယ်လ်ဆီး ကလပ်ပိုင်ရှင် အေဗရာမိုဗစ်က နေမာကို ခေါ်ယူရေးနှင့် တိုက်စစ်မှူးများ ဖြည့်ဆည်းရေးအတွက် ငွေကြေးလုံလောက်စွာထုတ်ပေးထားသည်။ မိမိသည် လူငယ်ခြေစွမ်းထက် တိုက်စစ်မှူးများကိုသာ အလိုရှိကြောင်း သူ့ဆန္ဒကို ထုတ်ဖော်ပြောကြားထားသည်။ သို့သော် နေမာကဲ့သို့ လူငယ်တိုက်စစ်မှူးများကို ခေါ်ယူရေး၊ မခေါ်ယူရေးမှာ နည်းပြတာဝန်သာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားနေသည်။



**ဘရာဇီး ဆယ်ကျော်သက် တိုက်စစ်မှူး နေမာကို ချယ်လ်ဆီး ခေါ်ယူနိုင်ပါ့မလား။** (အင်တာနက်ဓာတ်ပုံ)

### စီစဉ်နေ

တိုက်စစ်မှူး အပူတပြင်း ရှာဖွေနေသော မန်ယူကလည်း နေမာကို စိတ်ဝင်စားကြောင်း သတင်းထွက်ပေါ်နေရာ ချယ်လ်ဆီးတို့ လက်ဦးမှုရယူရန် စီစဉ်နေပြီဖြစ်သည်။ သို့သော် ပြောင်းရွှေ့ကြေးနှင့် လုပ်ခလစာများ ညှိနှိုင်းလျက်ရှိရာ နေမာ ချယ်လ်ဆီးသို့ ရောက်မရောက် စောင့်ကြည့်ရမည်ဖြစ်ပါကြောင်း။ ။

**ကိုးကား - အင်တာနက်**

# ပူလ်ဟမ်နည်းပြရာထူး အဲရစ်ဆင် မျက်စိကျနေ

ထင်ကျော်ထက် - ရေးသားသည်

**လန်ဒန် ဇူလိုင် ၂၅**



အင်္ဂလန် လက်ရွေးစင်အသင်း နည်းပြဟောင်း ဆဗင်ဂိုရန် အဲရစ်ဆင်သည် ဖူလ်ဟမ်နည်းပြရာထူးနေရာကို မျက်စိကျနေသကဲ့သို့ ဖူလ်ဟမ်အသင်းကလည်း ၄င်းအား နည်းပြတာဝန်ပေးရန် ဆက်သွယ်နေခဲ့ကြောင်း အဲရစ်ဆင်၏ အေးဂျင့်က ပြောကြားခဲ့သည်။

ဖူလ်ဟမ်အသင်းသည် ရွိုင်ဟော့ဂ်ဆန်၏နေရာတွင် ဟော်လန်အသင်း အေဂျက်စ်မှ မာတင်ဂျိုးလ်အား အစားထိုး တာဝန်ပေးရန် ကြိုးစားမှုမအောင်မမြင် ဖြစ်ခဲ့ပြီးနောက် အဲရစ်ဆင်အား ပထမဦးဆုံး ထပ်မံ ဆက်သွယ်ကမ်းလှမ်းခဲ့ခြင်း ဖြစ်သည်။

အဲရစ်ဆင်သည် ကမ္ဘာ့ဖလားပြိုင်ပွဲဝင် အိုင်ဗရီကို့စ်အသင်းကို တာဝန်ယူရာမှ နုတ်ထွက်ခဲ့ပြီးနောက် နည်းပြအဖြစ် ထပ်မံတာဝန်ယူခြင်းမရှိသေးကြောင်း၊ ထို့ကြောင့် အဲရစ်ဆင်သည် ယခင်က နော့ကောင်တီနှင့် မန်စီးတီးတို့ကို နည်းပြခဲ့ရာ ပရီမီယာလိဂ်တွင် တစ်ကျော့နည်းပြရန် ပြန်လာဖွယ်ရှိကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

# ဘရာဇီးအသင်း နည်းပြသစ် ရာမယ်လ်ဟို ဖြစ်လာဖွယ်ရှိ



**လန်ဒန် ဇူလိုင် ၂၅**

ဘရာဇီး ဘောလုံးအဖွဲ့ချုပ် (စီဘီအက်ဖ်)သည် အသက် ၅၄နှစ်အရွယ်ရှိ ဘရာဇီးကလပ် ဖလူမင်းနီးစ်နည်းပြ မူရီစီရာမယ်လ်ဟိုအား ဘရာဇီး လက်ရွေးစင်အသင်း နည်းပြအဖြစ် တာဝန်ယူရန် တောင်းဆိုခဲ့ကြောင်း၊ သို့သော်လည်း ရာမယ်လ်ဟိုကမူ ယင်းတာဝန်ကို လက်မခံသေးကြောင်း သိရသည်။

ရာမယ်လ်ဟိုသည် ပြီးခဲ့သည် ဇူလိုင် ၂၂ရက်က ဘရာဇီးဘောလုံးအဖွဲ့ချုပ် (စီဘီအက်ဖ်)နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး ဘရာဇီးလက်ရွေးစင်အသင်းနည်းပြတာဝန်ယူမယူ ဆုံးဖြတ်ချက်မချမီ ဖလူမင်းနီးစ်အသင်းမှ တာဝန်ရှိသူများနှင့် ဆွေးနွေးမှုများ ပြုလုပ်မည်ဖြစ်သည်။

ကမ္ဘာ့ဖလားပြိုင်ပွဲဝင် ဘရာဇီးလက်ရွေးစင်အသင်းသည် ကွာတားဖိုင်နယ်အဆင့်မှာပင် ပြိုင်ပွဲမှထွက်ခဲ့ရသည်။ ကမ္ဘာ့ဖလားပြိုင်ပွဲအပြီးလက်ရွေးစင်အသင်း နည်းပြအဖြစ်မှ ဒွန်ဂါနုတ်ထွက်ခဲ့ပြီးကတည်းက ဘရာဇီးအသင်းအတွက် နည်းပြသစ်တစ်ဦးကို ရှာဖွေနေခဲ့သည်ဟု ဆိုသည်။ **(အင်တာနက်)**

# တင်းနစ်မယ် ဂျီလီနာဂျန်ကိုဗစ် ဆန်ဒီဂိုအိုးပင်းပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်နိုင်ဖွယ်

**လန်ဒန် ဇူလိုင် ၂၅**



ဆလိုဗေးနီးယား အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ခြေချင်းဝတ်ဒဏ်ရာကြောင့် ပြိုင်ပွဲမှ အနားယူခဲ့ရသူ ကမ္ဘာ့အဆင့် (၂) တင်းနစ်မယ် ဂျီလီနာဂျန်ကိုဗစ်သည် သီတင်းပတ် အနည်းငယ်အကြာတွင် တင်းနစ်ကွင်းသို့ ပြန်လည်ခြေချနိုင်မည်ဟု ရည်ရွယ် မျှော်လင့်ထားကြောင်း ဆိုသည်။

ဂျန်ကိုဗစ်သည် ဇွန် ၂၂ရက်က ပြိုင်ဘက်တင်းနစ်မယ် အနာစတာဆီယာယာကီမိုဗာအား ၆-၁၊ ၂-၁ဖြင့် အနိုင်ရရှိနေစဉ် တတိယပွဲစဉ်၌ တင်းနစ်ဘောလုံးကို လိုက်ရိုက်စဉ် ယင်းဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။ ဒဏ်ရာကြောင့် ပြိုင်ဘက်ယာကီမိုဗာအား အရှုံးပေးအနားယူခဲ့ရသူ ဂျန်ကိုဗစ်သည် လာမည့် ဇူလိုင် ၃၁ရက်တွင် ဆန်ဒီဂို၌ ကျင်းပမည့် ဆန်ဒီဂိုအိုးပင်း တင်းနစ်ပြိုင်ပွဲတွင် ပြန်လည်ပါဝင် ယှဉ်ပြိုင်နိုင်ဖွယ်ရှိသည်။ **(အင်တာနက်)**

# မန်ယူခံစစ်မှူး နီမန်ဂျာဗီဒစ် အသင်းနှင့် နှစ်ရှည်စာချုပ်ရန် သဘောတူ



**လန်ဒန် ဇူလိုင် ၂၅**

မန်ယူအသင်းမှ အသက် ၂၈နှစ်အရွယ်ရှိ ဆားဘီးယား ဗဟိုခံစစ်မှူး နီဗန်ဂျာဗီဒစ်သည် အသင်းနှင့် နှစ်ရှည်စာချုပ်သစ် ထပ်မံချုပ်ဆိုရန် သဘောတူညီလိုက်ပြီးဖြစ်ကြောင်း မန်ယူ အမှုဆောင်အရာရှိချုပ် ဒေဗစ်ဂီးလ်က ဖွင့်ဟပြောကြားခဲ့သည်။ ဗီဒစ်သည် ၂၀၀၆ခုနှစ်က ရုရှားအသင်း စပါးတပ်မော်စကိုမှ မန်ယူသို့ ပေါင်ခုနစ်သန်းဖြင့် ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်ပြီး ယင်းသို့ရောက်ရှိလာကတည်းက မန်ယူအသင်း၏ အဓိကအားကစားသမားအဖြစ် ရပ်တည်နေခဲ့သူဖြစ်သည်။ **(အင်တာနက်)**

# ကမ္ဘာ့အားကစားသတင်းအတိုအထွာ

ချစ်စိုးနိုင် - စုစည်းသည်

## ဝိန်းဘရစ်ခ်ျအား စာချုပ်ရန် ရှိုင်ဟော့ဂ်ဆန်စဉ်းစား

*လီဗာပူးနည်းပြသစ် ရှိုင်ဟော့ဂ်ဆန်သည် အသက် ၂၉ နှစ်အရွယ်ရှိ မန်စီးတီး ဘယ်ခံစစ်မှူး ဝိန်းဘရစ်ခ်ျအား စာချုပ်ခေါ်ယူရန် စဉ်းစားနေကြောင်း၊ ကစားသမားအများအပြားခေါ်ယူရန် တာစူနေသော မန်စီးတီးတွင် ဝိန်းဘရစ်၏အခန်းကဏ္ဍအတွက် စိုးရိမ်စရာအခြေအနေသို့ ရောက်ရှိနေကြောင်း သိရသည်။*

## ရာမီရက်စ်အား ဦးအောင်ခေါ်ယူရန် ချယ်လ်ဆီးကြံရွယ်

*ချယ်လ်ဆီးအသင်းသည် ဘရာဇီးလက်ရွေးစင်အသင်းနှင့် ဘင်ဖီကာကွင်းလယ်ခံစစ်မှူး ရာမီရက်စ်အား ပေါင်သန်း ၂၀ ပေးခေါ်ယူရန် ကြိုးပမ်းခြင်းဖြင့် ပြိုင်ဘက် ဘာစီလိုနာနှင့် ဘိုင်ယန်မြူးနစ်တို့အား နောက်ကောက်ချနိုင်ရန် ကြံရွယ်နေသည်။*

## ဂိုးသမား ပလီတီကိုဆာအား စပါးစာချုပ်ရေးနီးစပ်

*စပါးအသင်းသည် စပါးတပ်မော်စကိုမှ ခရီအေးရှားဂိုးသမား စတီပီပလီတီကိုဆာအား စာချုပ်ခေါ်ယူရေး နီးစပ်လာပြီဖြစ်ကြောင်း သိရသည်။*

## အတ္တလန္တာတင်းနစ်ပြိုင်ပွဲ အီစနာ အကြိုဗိုလ်လုပွဲတက်

*အမေရိကန်နိုင်ငံ အတ္တလန္တာမြို့၌ကျင်းပလျက်ရှိသော အတ္တလန္တာချန်ပီယံရှစ်တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်တွင် တင်းနစ်ကစားသမား ဂျွန်အီစနာသည် ပြိုင်ဘက် အမေရိကန်တင်းနစ်သမား မိုက်ကယ်ရပ်ဆဲလ်အား ပွဲချိန် ၅၆ မိနစ်အတွင်း ၆-၁၊ ၆-၂ ဖြင့် နှစ်ပွဲပြတ်အနိုင်ရရှိခဲ့ပြီး အကြိုဗိုလ်လုပွဲသို့တက်ရောက်နိုင်ခဲ့ကြောင်း၊ အကြိုဗိုလ်လုပွဲတွင် တောင်အာဖရိကမှ ကီဗင်အန်ဒါဆင်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။*

## ဒရော့ဘာအားခေါ်ယူရန် မဆက်သွယ်ဟု မန်စီးတီးငြင်းပယ်

***မန်စီးတီးအသင်းက ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာအား စာချုပ်ခေါ်ယူရန် ဆက်သွယ်ကြိုးပမ်းနေသည်ဟူသော ဒရော့ဘာ၏ အေးဂျင့်မှပြောကြားချက်ကို မန်စီးတီးက ငြင်းပယ်ခဲ့သည်။***

## ဘာလော့တယ်လီအားခေါ်ယူရန် အပြိုင်ကြိုးပမ်းနေ

*အင်တာမီလန်တိုက်စစ်မှူး ဘာလော့တယ်လီအား စာချုပ်ခေါ်ယူရန် ဥရောပထိပ်သီးကလပ်များ အပြိုင်ဈေးပေးပြီး စာချုပ်ရန် ကြိုးပမ်းနေကြသည်။*

## အကြိုဗိုလ်လုပွဲ ရော့ဒစ်ခ်တက်လှမ်း

***အတ္တလန္တာချန်ပီယံရှစ်တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်တွင် ကမ္ဘာ့အဆင့် (၉)ရှိ တင်းနစ်ကစားသမား အန်ဒီရော့ဒစ်ခ်သည် ပြိုင်ဘက် အမေရိကန်တင်းနစ်ကစားသမား ရာဂျိဖ်ရမ်အား ၆-၁၊ ၆-၇ (၁-၇)၊ ၆-၃ ဖြင့် အနိုင်ရရှိကာ အကြိုဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့ကြောင်း၊ အကြိုဗိုလ်လုပွဲတွင် ဓာဗီယာမာလစ်ဆီနှင့် တွေ့ဆုံယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။***

## မာရှေယာနို အင်တာမီလန်သို့ပြောင်းရွှေ့ဖွယ်

*လီဗာပူးကွင်းလယ်ကစားသမား မာရှေယာနိုသည် အန်ဖီးလ်မှ ထွက်ခွာဖွယ်ရှိပြီး ၄င်း၏နည်းပြဟောင်း ရာဖေးလ်ဘင်နီတက်ဇ်ရှိရာ အင်တာမီလန်သို့ ပြောင်းရွှေ့ဖွယ်ရှိသည်။*

## ရာအူးလ်အား ခေါ်ယူရန် စပါးစီစဉ်

***စပါးအသင်းသည် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရရှိနိုင်သည့် အသက် ၃၃ နှစ်အရွယ်ရှိ ရီးရဲမက်ဒရစ်တိုက်စစ်မှူး ရာအူးလ်အား အခြားပြိုင်ဘက်အသင်းများနှင့် အပြိုင်ခေါ်ယူရန် စီစဉ်နေသည်။ ။*** (အင်တာနက်)

26-7 (12).pmd 1 7/26/2010, 1:51 AM



# မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် နတ်တလင်း၌ ဟောပြောပွဲကျင်းပ

**နတ်တလင်း ဇူလိုင် ၂၂**

ပဲခူးတိုင်းအနောက်ပိုင်း နတ်တလင်းမြို့နယ်၌ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အမျိုးသမီးရေးရာအဖွဲ့အကြောင်း သိကောင်းစရာဟောပြောပွဲ၊ မြန်မာ့ရိုးရာ အစားအစာ ကျွေးမွေးပွဲနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စာအုပ်စာစောင်၊ ဓာတ်ပုံပြပွဲကို ဇွန် ၂၆ရက် နံနက်က နတ်တလင်းမြို့နယ် ခန်းမ၌ကျင်းပသည်။

**ဟောပြော**

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မေရီထွန်းက အဖွင့်အမှာစကားပြောကြားပြီး တရားရုံးချုပ်ရှေ့နေ ဒေါ်မြင့်မြင့်အေးက အမျိုးသမီးများရရှိမည့် တရားဥပဒေပါ အခွင့်အရေးများဆိုင်ရာအသိပညာများ ဟောပြောသည်။ (ဝဲပုံ)

**လှည့်လည်ကြည့်ရှု**

ဆက်လက်၍ မြို့ပေါ်ဌာနဆိုင်ရာများက ကျင်းပသည့် မြန်မာ့ရိုးရာ အစားအစာများ ကျွေးမွေးလှူဒါန်းပွဲနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျင်းပသည့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်စာစောင်ပြပွဲတို့ကို လှည့်လည်ကြည့်ရှုကြသည်။ (မြို့နယ် ပြန်/ ဆက်)



ပဲခူးတိုင်းအနောက်ပိုင်း သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ငွေနှင့် စာရေးကိရိယာ ပေးအပ်ပွဲကို ဇွန် ၂၂ ရက်က ရဲတပ်ဖွဲ့မှူးရုံး၌ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ကျော်အောင်က ပညာသင်ထောက်ပံ့ငွေနှင့် စာရေးကိရိယာများပေးအပ်စဉ်။ (၁၈၁)

# ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်) စုပေါင်းအလှူပွဲ

**ရန်ကုန် ဇူလိုင် ၂၅**

ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်စဉ်ကျင်းပသော စုပေါင်းအလှူပွဲကို ဩဂုတ် ၁ရက်(တနင်္ဂနွေနေ့)နံနက် ၁၀နာရီတွင် ဧရာဝတီတိုင်းဓမ္မာရုံ အမှတ်၂၁/၄၃စီ၊ ကြားတောရလမ်း ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်၊ ဗဟန်းမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများနှင့် မြို့နယ်သူမြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် လှူဒါန်းလိုပါက ဦးမောင်ညိမ်း ဖုန်း-၆၆၇၁၃၃၊ ဦးသိန်းလွင် ဖုန်း-၂၅၁၂၇၅၊ ဦးကျော်မြင့် ဖုန်း-၂၆၉၂၀၁၊ ဦးကျော်ရင် ဖုန်း-၅၆၀၅၂၀၊ ဦးတင်စော ဖုန်း-၀၉-၅၁၈၄၇၈၅၊ ဦးအောင်ဆန်း ဖုန်း-၅၅၃၄၃၅ နှင့် အသင်းရုံး ဖုန်း-၅၀၁၅၁၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၂၀၉)

# မြို့နယ် သတင်း ထွေတလာ

# သံတွဲမြို့တွင် ရေပေးဝေရေးလုပ်ငန်းများ ပြည်နယ်စည်ပင်ညွှန်ကြားရေးမှူး ကွင်းဆင်းစစ်ဆေး

**သံတွဲ ဇူလိုင် ၁၂**

ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးကြည်သည် ဇူလိုင် ၇ရက်က သံတွဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့ရေပေးဝေသည့် ရေဂါလန် ၁၁၅ သန်းဆံ့ မဟာဗောဓိရေလှောင်ကန် အမှတ်(၁)နှင့် ရေဂါလန် ၆၈သန်းဆံ့ ရေလှောင်ကန်အမှတ် (၂) တို့တွင် ရေသိုလှောင်ထားရှိနိုင်မှု၊ တစ်နှစ်ပတ်လုံး ရေလိုအပ်ချက်နွေရာသီ ရေအခက်အခဲ ထပ်မံမဖြစ်ပေါ်စေရေး ကြိုတင်ဆောင်ရွက်ထားရှိမှုနှင့်လက်ရှိ ရေဖြန့်ဝေမှုစနစ်များကို ကွင်းဆင်းစစ်ဆေးခဲ့ရာ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ တာဝန်ခံအင်ဂျင်နီယာ ဦးသန်းလွင်နှင့် လက်ထောက်အင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

(မြို့နယ်စည်ပင်)

# မိုးကုတ်မြို့၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၅**

မိုးကုတ်မြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၁၀ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁ရက် နံနက် ၈နာရီခွဲက မိုးကုတ်-မိုးမိတ်ကားလမ်း မိုင်တိုင်အမှတ်(၄/၂)အနီး၌ ကျင်းပရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးဝင်းဇော်က စိုက်ပျိုးမည့်သစ်ပင်များကို ဌာနဆိုင်ရာနှင့် အသင်းအဖွဲ့တာဝန်ခံများထံပေးအပ်ပြီး မြို့နယ်ဥက္ကဋ္ဌ ဦးနေအောင်က စိန်ပန်းပင်နှင့် ယူကလစ်ပင်တို့ကို စတင်စိုက်ပျိုးပေးကြကာ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုစုပေါင်း ၁၅၀၀ကျော်တို့က စိန်ပန်းပြာ၊ ထင်းရှူးနှင့် ယူကလစ်ပင် စုစုပေါင်းအင်အား အပင် ၃၀၀၀ကို စိုက်ပျိုးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြန်မာအမျိုးသမီးများနေ့ အခမ်းအနား နမ့်စန်မြို့နယ်၌ ကျင်းပ

**နမ့်စန် ဇူလိုင် ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင် နမ့်စန်မြို့နယ်၌ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ရက် နံနက်၉နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဒေစီဝမ်းက အဖွင့်အမှာစကားပြောကြားပြီး လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲ ခေါင်းဆောင် ဒေါ်သန်းသန်းညွန့်က အမျိုးသမီးများနှင့် လူမှောင်ခိုကုန်ကူးမှုအကြောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်စန်းမြင့်က မြန်မာ့ရိုးရာယဉ်ကျေးမှုကို မြတ်နိုးတန်ဖိုးထားထိန်းသိမ်းရေး စသည့်အကြောင်းများကို ဟောပြောကြသည်။

**ဆုများချီးမြှင့်**

ဆက်လက်၍ အလျှုရှင်များက မြို့နယ်ဂုဏ်ဆောင် ထူးချွန်အမျိုးသမီးများနှင့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲဆုရ ကျောင်းသူများအား ဆုများချီးမြှင့်ကြသည်။

**ထောက်ပံ့**

ဆက်လက်၍ ချို့တဲ့ကျောင်းသူ ၁၆ဦးအား ကျောင်းဝတ်စုံများနှင့် ဗလာစာအုပ်များ ထောက်ပံ့ပေးပြီး မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းညွန့်က အမျိုးသမီးရေးရာအဖွဲ့ဝင် အသိုပြုလွှာများပေးအပ်ရာ မြို့နယ်ဥက္ကဋ္ဌ ဒေါ်ခင်ဒေစီဝမ်းက လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)



မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေနှင့်အဖွဲ့ ပေါင်မြို့နယ် ဇင်းကျိုက်ကျေးရွာ (ဗိုလ်ချုပ်ဈေး) မီးဘေးလုံခြုံရေးအတွက် မီးသတ်ရေလှောင်ကန်ဆောက်လုပ်နေမှုကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်လှနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းဇော်တို့ ရှင်းလင်းတင်ပြစဉ်။ (၁၇၆)



# မြို့ပြကျောက်ချောလမ်း စစ်ဆေး

**ရွှေကူ ဇူလိုင် ၁၀**

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးမောင်မောင်အောင်သည် ရွှေကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော အမှတ်(၄)ရပ်ကွက် မြို့တော်ခန်းမအဝင်လမ်း ကျောက်ချောခင်းပြီးစီးမှုကို အင်ဂျင်နီယာမှူး ဦးကိုလေးနှင့်အတူ ဇွန် ၁၅ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်အောင်နီ ရှင်းလင်းတင်ပြသည်။

(မြို့နယ်စည်ပင်)



**မြိုင် ဇူလိုင် ၂၄**

မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်သစ်တောဦးစီးဌာနက စိုက်ပျိုးထားသည့် ယူကလစ် ၃၅၉၂၀ ပင်ကို ကျေးလက်အိမ်ရာထူထောင်ရေးအတွက် တစ်အိမ်ထောင်လျှင် ယူကလစ်အပင်၂၀စိုက်ပျိုးရန် ပေးအပ်ပွဲကိုမေ၃၁ရက်က မြို့နယ်သစ်တောပျိုးဥယျာဉ်၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်တင်နှင့် မြို့နယ်သစ်တောဦးစီးမှူး ဦးမြင့်သန်းတို့က ရပ်ကွက်နှင့် ကျေးရွာဥက္ကဋ္ဌများအား အပင်များကိုပေးအပ်ကြသည်။ (အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

# သစ်တောကဏ္ဍ စီမံကိန်းတာဝန်ပေးအပ်ပွဲ မြိုင်မြို့နယ်၌ ကျင်းပ

ဌမြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ရွက်ခြင်း၊ ဆေးထည့်ခြင်းနှင့် ခြင်ဆေးဖျန်းခြင်းများ အပတ်စဉ်ပုံမှန်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၇ရက်က သံတွဲခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ကျော်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးတင့်နိုင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (၁၁၃)



# စိုက်ပျိုးရေးဆိုင်ရာနည်းပညာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၅**

ဧရာဝတီတိုင်း မြောင်းမြခရိုင်နှင့် လပွတ္တာခရိုင်တို့အတွင်း စိုက်ပျိုးရေးဆိုင်ရာ နည်းပညာဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင်၂၁ရက်က မြောင်းမြမြို့ မြရွှေဝါခန်းမ၌ကျင်းပသည်။

**ရှင်းလင်းဆွေးနွေး**

အခမ်းအနားတွင် မြောင်းမြခရိုင်ဥက္ကဋ္ဌ ဦးအောင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး နေပြည်တော် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း(ရုံးချုပ်)မှ ဒေါက်တာရဲတင်ထွန်းက စိုက်ပျိုးရေးဆိုင်ရာနည်းပညာအကြောင်းကို လည်းကောင်း၊ မြောင်းမြခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာ ဦးစိုင်းကြာအုံက ခရိုင်အတွင်း စိုက်ပျိုးရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ မြောင်းမြခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ နေပြည်တော် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ နည်းပညာပြန့်ပွားရေး ဗဟိုအဖွဲ့ဝင်များ၊ မြောင်းမြခရိုင်နှင့် လပွတ္တာခရိုင်တို့မှ ခရိုင်မန်နေဂျာ၊ မြို့နယ်မန်နေဂျာ၊ ခြံမန်နေဂျာ၊ ဝန်ထမ်းများနှင့် သင်တန်းသား သင်တန်းသူ ၁၀၈ဦးတို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

## နေပြည်တော်တပ်ကုန်း၌ ပဲတီစိမ်းစိုက်ပျိုးမှု အထူးအောင်မြင် ဒေသနေတောင်သူတို့ လူမှုစီးပွားဘဝ တိုးတက်ပြောင်းလဲလာ

သတင်းခရီးသည်-မြင့်မောင်စိုး ➢ ဓာတ်ပုံမှတ်တမ်း-မျိုးမင်းသိန်း (မရမ်းကုန်း) ➢ စာမျက်နှာဖွဲ့စည်းမှု-လဲ့လဲ့ဝင်း(မြန်မာ့အလင်း)

နေပြည်တော် ဇူလိုင် ၂၅

နေပြည်တော်တပ်ကုန်းသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွင်ပါဝင်ပြီး သီးနှံစုံဖြစ်ထွန်းအောင်မြင်သော မြို့တစ်မြို့ဖြစ်သည်။ အဓိကသီးနှံများဖြစ်ကြသည့် စပါး၊ ဝါ၊ နှမ်း၊ မြေပဲသာမက ဟင်းသီးဟင်းရွက်များလည်း ဖြစ်ထွန်းအောင်မြင်နေသော မြို့ဖြစ်၏။ အထူးသဖြင့် နေပြည်တော်တပ်ကုန်းသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသ၏ ပဲတီစိမ်းစိုက်ဧကအများဆုံးမြို့လည်း ဖြစ်သည်။

### တိုးတက်ပြောင်းလဲ

ထူးထူးခြားခြား စိုက်ပျိုးအောင်မြင်နေသော အဓိကသီးနှံတစ်မျိုးမှာ ပဲတီစိမ်းစိုက်ပျိုးမှုပင်ဖြစ်သည်။ ထိုဒေသမှ တောင်သူများသည် ပဲတီစိမ်းကို အခြားသီးနှံများထက် ပိုမိုစိုက်ပျိုးကြ၏။ ပဲတီစိမ်းစိုက်ပျိုးခြင်းဖြင့်ပင်

*စာမျက်နှာ ၈ ကော်လံ ၁* ✻

နေပြည်တော်တပ်ကုန်းမြို့နယ် ကျားသေအိုင်ကျေးရွာအနီး အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ပဲတီစိမ်းစိုက်ခင်းကို ဤသို့ တစ်မျှော်တစ်ခေါ်တွေ့ရသည်။



မြန်မာ့အလင်း ဆောင်းပါးအညွှန်း

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့သည် ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ တရားဓမ္မများကို လိုက်နာကျင့်သုံး ဆောက်တည်ခြင်းဖြင့် ဘေးဆိုး၊ အန္တရာယ်ဆိုး၊ ကပ်ကြီးသုံးပါးမှ ကျော်လွှားလွန်မြောက်၍ မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာမြတ်ကို ရနိုင်အောင် ကြိုးပမ်းအားထုတ်နိုင်ကြပါစေ။

ဦးကြိုင်မြင့်(ဆူးလေ)၏ ဆောင်းပါး စာ - ၁၀

## အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်

နေပြည်တော် ဇူလိုင် ၂၅

ယနေ့ ညနေ ၃နာရီ ၂၉မိနစ် ၂၈စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် မိုင် ၁၀၀ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ပုသိမ်မြို့၏ အနောက်တောင်ဘက် မိုင် ၃၀ခန့်အကွာ) တစ်နေရာကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၄ဒသမ၂အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)